မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း ၁၂ ရက်၊ ၂၀၀၆ ခုနှစ်၊ ဇန်နဝါရီ ၁၀ ရက်၊ အင်္ဂါနေ့၊ အတွဲ(၄၄)၊ အမှတ်(၁၀၂)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံး ညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်း၌ဆက်လက်ကျင်းပ အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများဖတ်ကြားတင်ပြ

ရန်ကုန် ဇန်နဝါရီ ၉

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ***စာမျက်နှာ ၇ ကော်လံ ၁*** ✱

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပရာ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် အဖွဲ့ဝင်များ၊ ညီလာခံကိုယ်စားလှယ်များအား တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုကြီး နယ်မြေဒေသအားလုံး အကြားအလပ်မရှိ တိုးတက်ဖြစ်ထွန်းစေရေး နယ်စပ်ဒေသများနှင့်ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေး အခြေခံလိုအပ် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ထွန်းလာစေရေး နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ် အဆင့်ဆင့်အကောင်အထည်ဖော်နေ တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည် ပြည်ထောင်စုကြီးမပြိုကွဲအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့်စွမ်းအားများဖြစ်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ ဖွင့်လှစ်သော အခြေခံပညာ ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) နဝရတ်ခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကားပြောကြားသည်။ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၆ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်)

ခေတ်မီဒီမိုကရေစီနိုင်ငံတည်ဆောက်ရေး လူ့စွမ်းအားအရင်းအမြစ်များ လေ့ကျင့်ပျိုးထောင်

နိုင်ငံတော်အစိုးရသည် ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးကို နိုင်ငံတကာနှင့် ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုး တိုးတက်စေရန် နယ်ပယ်ကဏ္ဍစုံ၌ ကြိုးပမ်းတည်ဆောက်ရင်း စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး လုပ်ငန်းစဉ်များဖြစ်သော နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ပါ လုပ်ငန်းများကို ပြည်သူလူထုနှင့် လက်တွဲပူးပေါင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကမောင်းနှင်အား တစ်ရပ်ဖြစ်သည့် အမျိုးသားပညာရည် မြင့်မားမှု စွမ်းရည်တိုးတက်ခိုင်မာစေရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ဤသို့ကြိုးပမ်းဆောင်ရွက်ရာတွင် နိုင်ငံတကာသိပ္ပံနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်လာမှုများအရ အနာဂတ်ကာလတွင် ကြုံတွေ့ရမည့်စိန်ခေါ်မှုအမျိုးမျိုးကို အမျိုးသားရေးအသိအမြင် နိုးကြားထက်သန်စွာဖြင့် ရင်ဆိုင်ကျော်လွှားနိုင်ရေး ဦးတည်သည့် အမျိုးသားပညာရည်မြင့်မားရေး အစီအစဉ်များ ချမှတ်ပြီး မျိုးဆက်သစ်လူငယ်များကို လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပညာရေးဝန်ကြီးဌာန ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ပညာရေးစုံညီပွဲတော် ထူးချွန်ဆုများ ချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီလ၃ရက်နေ့ ညနေပိုင်းက ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ပြည်လမ်းရှိ စိန်ရတုခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်၍ အမှာစကား ပြောကြားပြီး ထူးချွန်ဆုများကို ပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင်–

“အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် အဓိကဦးဆောင်ပါဝင်ရမည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပညာရေးကဏ္ဍက လေ့ကျင့် ပျိုးထောင်နိုင်ရန် အထူးလိုအပ်ပါကြောင်း၊ ယင်းလိုအပ်ချက်များနှင့်အညီ နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအား အရင်းအမြစ်များနှင့် ဒေသအလိုက်လိုအပ်သည့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အဆင့်မြင့်ပညာကဏ္ဍနှင့် အခြေခံပညာကဏ္ဍများတွင် နှစ်ရှည်စီမံကိန်းများချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ၌ ယခုကဲ့သို့ ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသူကျောင်းသားများ ပေါ်ထွန်းလာလျက်ရှိနေပြီဖြစ်ကြောင်း”

ပြောကြားသွားခဲ့သည်။

ပညာသင်နှစ်အတွင်း ကဏ္ဍအလိုက် ကြိုးပမ်းစွမ်းဆောင်မှု၏ အသီးအပွင့်ရလဒ်ကောင်းများဖြစ်သည့် ဘက်စုံပညာထူးချွန် ကျောင်းသား ကျောင်းသူများ၊ အနုပညာ၊ စာပေနှင့် အားကစားကဏ္ဍအလိုက် ထူးချွန်ကျောင်းသား ကျောင်းသူများ၊ ၂၀၀၅–၂၀၀၆ ပညာသင်နှစ် ကျောင်းအပ်နှံရေးလုပ်ငန်းများကို တစ်နိုင်ငံလုံး အတိုင်းအတာအရ လှုပ်ရှားဆောင်ရွက်ခဲ့ရာတွင် ထူးခြားစွာ ပညာသင်ယူခွင့် ရရှိလာကြသည့် ကျောင်းသား ကျောင်းသူများ၊ ကျောင်းနှင့် ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ထူးချွန်ဆုရကျောင်းများကို နိုင်ငံတော်က ဆုများချီးမြှင့်ပေးခြင်းဖြစ်သည်။

ပညာရေးကဏ္ဍ၏တိုးတက်ဖြစ်ထွန်းမှုများ၊ ပညာရေးကဏ္ဍက ပြုစုပျိုးထောင်မွေးထုတ်ပေးလိုက်သော ဘက်စုံထူးချွန်ထက်မြက်သည့် ကျောင်းသူ ကျောင်းသားများ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သည့် တက္ကသိုလ်၊ ကောလိပ်နှင့် အခြေခံပညာကျောင်းများ၏ စွမ်းဆောင်နိုင်မှုများကို ပညာရေးစုံညီ ပွဲတော်များတွင် ပေါ်လွင်ထင်ရှားအောင် ထုတ်ဖော်ပြသနိုင်ခြင်းအားဖြင့် ရှေ့ဆက်အကောင်အထည်ဖော်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတွက် ခွန်အားသစ်များ တိုးပွားဖြစ်ထွန်းလာစေမည်ဖြစ်သည်။

သို့ဖြစ်ရာ ထူးချွန်ဆုရရှိကြသော ကျောင်းသား ကျောင်းသူလူငယ်များသည် နိုင်ငံတော်၏ ချီးမြှင့်ဂုဏ်ပြုမှုများအပေါ် အလေးအနက်ခံယူကြပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံနှင့် မိမိလူမျိုးဖွံ့ဖြိုးတိုးတက်ရေးအတွက် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်ကြိုးပမ်း အားထုတ်သွားကြရမည်ဖြစ်သကဲ့သို့ ဆရာ ဆရာမများအနေဖြင့်လည်း မိဘပြည်သူများနှင့် အပြည့်အဝ လက်တွဲပူးပေါင်းပြီး ကျောင်းသား ကျောင်းသူများကို အနာဂတ်ကာလ၌ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရာတွင် အဓိက ဦးဆောင်ပါဝင်ရမည့် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေး လေ့ကျင့်ပျိုးထောင် ပေးသွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၁၀–၁–၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၂၀ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၃၀ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၄:၅၀ ၇။ မျိုးချစ်တပ်မတော်
၅:၁၀ ၈။ ပညာခေတ်
၅:၄၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
၆:၂၀ ၁၂။ မိုးလေဝသသတင်း
၆:၂၅ ၁၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၄၀ ၁၄။ လျှပ်တစ်ပြက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း “ချစ်ထုံးရယ်မပြယ်”** (အပိုင်း–၂)
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၈။ ကျန်းမာသုတ
၁၉။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၀။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **“တရားစီရင်ထုံး”** (အပိုင်း–၁)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နိုင်ငံခြားရေးဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီး နှစ်သစ်ကူး ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံ

ရန်ကုန် ဇန်နဝါရီ ၉

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီး ဒေါ်မြင့်မြင့်စိုးတို့က ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ဇနီးများအား ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ မြရိပ်ညိုရှိုင်ရယ်ဟိုတယ်၌ နှစ်သစ်ကူး ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံသည်။

တက်ရောက်

အဆိုပါနှစ်သစ်ကူး ညစာစားပွဲသို့ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်နှင့် ၎င်းတို့၏ ဇနီးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးကျော်သူနှင့် ဦးမောင်မြင့်နှင့် ၎င်းတို့၏ဇနီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez အမှူးပြုသော ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် ၎င်းတို့၏ ခင်ပွန်းနှင့် ဇနီးများ၊ ရန်ကုန်မြို့ရှိ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့် ၎င်းတို့၏ ဇနီးများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

နှုတ်ခွန်းဆက်

နှစ်သစ်ကူး ညစာစားပွဲတွင် ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးညဏ်ဝင်းက နှစ်သစ်မင်္ဂလာ နှုတ်ခွန်းဆက်စကား ပြောကြားသည်။

တည်ခင်းဧည့်ခံ

ထို့နောက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့နာယက ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mme Phoebe A. Gomez က ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး ဝန်ကြီး ဦးညဏ်ဝင်းနှင့် ဇနီးတို့က ဝန်ကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများနှင့် ဇနီးများ၊ ဧည့်သည်တော်များအား နှစ်သစ်ကူး ညစာစားပွဲဖြင့် တည်ခင်း ဧည့်ခံကြသည်။

ဖျော်ဖြေ

အဆိုပါ နှစ်သစ်ကူး ညစာစားပွဲတွင် ညစာမသုံးဆောင်မီနှင့် ညစာသုံးဆောင်နေစဉ်အတွင်း မြရိပ်ညိုရှိုင်ရယ်ဟိုတယ် ယဉ်ကျေးမှုအဖွဲ့မှ အနုပညာရှင်များက မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ဧည့်ခံဖျော်ဖြေ တင်ဆက်ကြသည်။

(သတင်းစဉ်)

မော်လမြိုင်မြို့ အောင်ဇမ္ဗူဓမ္မရိပ်သာကျောင်းတိုက် နာယက ဆရာတော်နှင့် တပည့်ဒါယကာ၊ ဒါယိကာမများက အင်းစိန်မြို့နယ်ရှိ စာသင်သား သံဃာတော်များအတွက် သင်္ကန်းဒွိစုံများ ဆက်ကပ်လှူဒါန်းစဉ်။

(သာသနာရေး)

စာသင်သံဃာတော်အပါး ၂၀၀၀ ကျော်တို့အား သင်္ကန်းဒွိစုံ ၂၀၀၀ ကျော် ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇန်နဝါရီ ၉

မော်လမြိုင်မြို့ အောင်ဇမ္ဗူဓမ္မရိပ်သာကျောင်းတိုက် နာယကဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍာဝံသနှင့် တပည့် ဒါယကာ၊ ဒါယိကာမများက အင်းစိန်မြို့နယ်အတွင်းရှိ စာသင်သား သံဃာတော်အပါး ၂၀၀၀ ကျော်တို့အား ယမန်နေ့မွန်းလွဲပိုင်းတွင် အင်းစိန်ရွာမ ပရိယတ္တိစာသင်တိုက်၌ သင်္ကန်းဒွိစုံ ၂၀၀၀ ကျော် ဆက်ကပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀–၁–၂၀၀၆ (အင်္ဂါနေ့)

၇:၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇:၀၅ တေးဂီတအစီအစဉ်
၇:၁၀ စိုက်ပျိုးရေးနည်းပညာ ဟင်းသီးဟင်းရွက်စိုက်ခင်းများ
၇:၂၀ တေးဂီတအစီအစဉ်
၇:၂၅ ပြည်တွင်းသတင်းအကျဉ်း
၇:၃၀ ရှားပါးသောရေချိုရေငန်စပ် မိကျောင်းများ အပိုင်း–၅
၇:၃၅ တေးဂီတအစီအစဉ်
၇:၄၀ Sunday Talk
၈:၃၅ ဝါသနာရှင်စင်မြင့်
၉:၁၅ မောင်မြန်မာစက်ဘီးစက်ရုံ
၉:၂၅ တေးဂီတအစီအစဉ်
၉:၃၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၃၅ မိုးလေဝသခန့်မှန်းချက်
၉:၄၀ တေးဂီတအစီအစဉ်
၉:၄၅ မြန်မာနိုင်ငံဆရာဝန်အသင်း အမျိုးသမီး ဆရာဝန်များအဖွဲ့၊ (၂၃)ကြိမ်မြောက် သက်ကြီးပူဇော်ပွဲ
၁၀:၀၅ ဗွီစီဒီမိတ်ဆက်(ချစ်သူအလှဖွဲ့)
၁၀:၂၅ ပြည်တွင်းသတင်းအကျဉ်း
၁၀:၃၀ တေးဂီတအစီအစဉ်
၁၀:၃၅ အမွန်မြတ်ဆုံးလက်ဆောင် နေရဲလင်း၊ နှင်းဦ၊ မေနံ့သာခင် (ဒါရိုက်တာ–မောင်မောင်မြင့်)
၁၀:၅၀ တေးဂီတအစီအစဉ်
၁၀:၅၅ မြေလျှောင်နှင့် ကမ်းသို့ရိုက်ခတ်သော ရေလှိုင်းကြီးများ(ဆူနာမီ)
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅ တေးဂီတအစီအစဉ်
၁၂:၀၀ MRTV-4 အပိတ် Logo

အထက်ပါငါးနာရီစာ အစီအစဉ်များကို ည၂၃:၀၀နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့အမိန့်ဩဝါဒ

"လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းထက် မွန်မြတ်သောလုပ်ငန်းတာဝန်သည် မရှိပြီ။ တိုင်းရင်းသားအားလုံး စည်းလုံးညီညွတ်မှုအားနှင့် မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အပြည့်အဝဖြင့် အသက်ပေးကာကွယ်စောင့်ရှောက်ကြပါစို့"

သင်တန်းဖွင့် အမှာစကားပြောကြား

မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အခြေခံပညာ ဆရာ ဆရာမများအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၅၈) သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

(သတင်းစဉ်)

■ **ရှေ့ဖုံးမှ**

အဆိုပါ သင်တန်းဖွင့်ပွဲ အခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ဒုတိယစာရင်းစစ်ချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ်နှင့်

ဌာနဆိုင်ရာအကြီးအကဲများ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် ဌာနမှူးများ၊ နည်းပြများနှင့် သင်တန်းသားသင်တန်းသူ ဆရာဆရာမများ တက်ရောက်ကြသည်။

လူမှုရေးဗိသုကာများ

သင်တန်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ အခြေခံပညာ ဆရာ ဆရာမများသည် နိုင်ငံတော်၏ အနာဂတ်အတွက် အရေးအပါဆုံး အရင်းအမြစ်များဖြစ်သော ကျောင်းသူကျောင်းသား လူငယ်များကို နိုင်ငံတော်၏ မျှော်မှန်းချက်များ၊ အစီအမံများနှင့်အညီ ဖြစ်ထွန်းလာစေရအောင် ပြုစုပျိုးထောင်ပေးနေကြသူများ ဖြစ်သည့်အတွက် နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ပေးနေကြသော လူမှုရေး ဗိသုကာများဖြစ်သည်ဟု နိုင်ငံတော်အစိုးရက ခံယူထားကြောင်း။

ယင်းသို့ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ထုဆစ်ပေးနေကြသည့် ဆရာ ဆရာမများကို ယခုကဲ့သို့ အထူးမွမ်းမံသင်တန်းများတွင် နိုင်ငံတော်၏ ပကတိအခြေအနေမှန်များ၊ သမိုင်းကြောင်းအခြေခံများ၊ ရှေ့အနာဂတ် အလားအလာများနှင့် အမျိုးသားရေးမျှော်မှန်းချက်များကို ပိုမိုရှင်းလင်းစွာ သိမြင်စေခြင်းအားဖြင့် ဆရာဆရာမများအတွက်သာမက ကျောင်းသူကျောင်းသား လူငယ်များနှင့်တကွ နိုင်ငံတော်အတွက်ပါ များစွာအကျိုးဖြစ်ထွန်းစေမည်ဟုလည်း ယုံကြည်မျှော်လင့်ထားကြောင်း။

ယနေ့ ဆရာ ဆရာမများ တက်ရောက်ကြသည့် အထူးမွမ်းမံသင်တန်းကာလသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် အလွန်အရေးပါပြီး အမျိုးသားရေးအဓိပ္ပာယ်၊ အမျိုးသားရေးအနှစ်သာရတို့ဖြင့် ပြည့်စုံလှသည့် **"လွတ်လပ်ရေးနေ့"**နှင့် **"ပြည်ထောင်စုနေ့"**နေ့ထူးနေ့မြတ်များနှင့် ထူးခြားစွာ တိုက်ဆိုင်လျက်လည်းရှိသည့်အတွက် ဤနေ့ထူးနေ့မြတ်များ၏ အစဉ်အလာကောင်း၊ စိတ်ဓာတ်ကောင်းများ ပွားများဖြစ်ထွန်းစေရအောင် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုသောခံယူချက်ဖြင့် ကြိုးစားလေ့လာဆည်းပူးသွားကြပါဟု မှာကြားလိုကြောင်း။

အမျိုးသားရေးဂုဏ်ဒြပ်

လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာဆိုသည်မှာ နိုင်ငံနှင့် လူမျိုးအတွက် မရှိလျှင်မဖြစ်သည့် ပဓာနအကျဆုံး ဂုဏ်အင်္ဂါတစ်ရပ်ပင်ဖြစ်ကြောင်း၊ **"လွတ်လပ်ရေးနေ့"**ဆိုသည်မှာ မိမိနိုင်ငံ၊ မိမိလူမျိုး တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝကို ကျရောက်ခဲ့ရပြီး အချုပ်အခြာအာဏာ ဆုံးရှုံးခဲ့ရဖူးသည်ကို သတိပေးဖော်ညွှန်းပြဆိုနေသော သမိုင်းသင်ခန်းစာတစ်ရပ် ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများအားလုံး၏ အသက်သွေးချွေးများစွာဖြင့် ရင်းနှီးပြီး ပြန်လည်ကြိုးပမ်းတည်ဆောက်ခဲ့ရသည့် အမျိုးသားရေးဂုဏ်ဒြပ်တစ်ခုလည်းဖြစ်ကြောင်း။

နေ့ထူးနေ့မြတ်

အလားတူပင်**"ပြည်ထောင်စုနေ့"**ဆိုသည်မှာ တိုင်းရင်းသားလူမျိုးပေါင်းတစ်ရာကျော် ပေါင်းစည်းယှက်နွယ်နေထိုင်နေကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွက် တိုင်းရင်းသား စည်းလုံးညီညွတ်မှုစွမ်းအားနှင့် ပြည်ထောင်စုစိတ်ဓာတ်စွမ်းအားတို့သည်သာ ပြည်ထောင်စုကြီးကို မယိုင်မလဲ မပြိုကွဲစေရအောင် ထိန်းသိမ်းစောင့်ရှောက်နိုင်သည့် တစ်ခုတည်းသော စွမ်းအား အစစ်အမှန်ဖြစ်ကြောင်း၊ ယင်းစိတ်ဓာတ် အခြေခံစွမ်းအားဖြင့်သာ အင်အားကြီးမားသည့် ကိုလိုနီနယ်ချဲ့ လက်ဟောင်းလက်သစ်များ၏ ဖိအားပေးအကျပ်ကိုင်မှု၊ သွေးခွဲသပ်သိမ်းမှု၊ သွေးဆောင်ဖြားယောင်းမှု၊ နှောင့်ယှက်ဖျက်ဆီးမှုတို့ကို တွန်းလှန်ဖြိုဖျက်နိုင်သည် ဆိုသည့် သမိုင်းသင်ခန်းစာကို ဖော်ညွှန်းပြဆိုနေသော နေ့ထူးနေ့မြတ်တစ်နေ့ပင်ဖြစ်ကြောင်း။

ထို့ကြောင့် **"လွတ်လပ်ရေးနေ့"**နှင့် **"ပြည်ထောင်စုနေ့"**တို့မှာ ယနေ့ထက်တိုင် တည်ရှိနေဆဲဖြစ်သည့် ကိုလိုနီနယ်ချဲ့တို့၏ သွေးခွဲသပ်သိမ်းမှု အန္တရာယ်၊ အမှုမဲ့အမှတ်မဲ့နေမိလျှင် အချုပ်အခြာအာဏာပိုင်စိုးမှု ဆုံးရှုံးနိုင်သည့် အန္တရာယ်နှင့် ယင်းအန္တရာယ်မျိုးကို တွန်းလှန်ဖြိုဖျက်နိုင်သော တစ်ခုတည်းသော စွမ်းအား ဖြစ်သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအား၊ ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့၏ အနှစ်သာရတို့ကို မိမိတို့ မြန်မာနိုင်ငံသူ နိုင်ငံသားများ အားလုံးကို အစဉ်အမြဲ သတိပေးလျက်ရှိကြောင်း။

မိမိတို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးသည် တိုင်းတစ်ပါးလက်အောက် သူ့ကျွန်ဘဝ၌ နှစ်ပေါင်းတစ်ရာကျော် သွေးစုပ်ဖိနှိပ်ခြယ်လှယ်ခံခဲ့ရသကဲ့သို့ ကိုလိုနီနယ်ချဲ့တို့ထားရစ်ခဲ့သည့် ဆိုးမွေများကြောင့် လက်နက်ကိုင်ဆန့်ကျင်မှုများနှင့် မတည်ငြိမ်မအေးချမ်း မဖွံ့ဖြိုးသောဘဝတွင် နှစ်ပေါင်း ၅၀ ခန့် နေခဲ့ကြရရာက ယခုကဲ့သို့ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ရစပြုနေသည့် ကာလသည် ဆယ်နှစ်ကျော်မျှသာ ရှိပါသေးကြောင်း။

တိုးတက်ဖြစ်ထွန်းမှုများရရှိ

နိုင်ငံတော်အစိုးရအနေဖြင့် ယင်းသမိုင်းကြောင်းသင်ခန်းစာများကို ရယူပြီး အမိပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို လွတ်လပ်ပြီး အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတော်ကြီးအဖြစ် ခိုင်ခိုင်မြဲမြဲ ဖြစ်ထွန်းနေစေရအောင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် ပြည်ထောင်စုစိတ်ဓာတ် စွမ်းအားတို့ကို အခြေခံသော နိုင်ငံရေးဦးတည်ချက်များ၊ တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများကို အခြေခံသော စီးပွားရေးဦးတည်ချက်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းများနှင့်

စာမျက်နှာ ၆ ကော်လံ ၁

တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ၏ အားပေးထောက်ကူမှုဖြင့်သာ နိုင်ငံတော်၏ အနာဂတ်ကို ပိုမိုတိုးတက် ကောင်းမွန်အောင် တည်ဆောက်ပေးမည့် နိုင်ငံ့သားကောင်း သမီးကောင်း လူရည်ချွန်လူရည်မွန်များ ပေါ်ပေါက်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံများသည်လည်း ထပ်ဆင့်ဆင့်ပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်။

တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်တုန်ပြည်နယ်ရှိ သံမဏိထုတ်လုပ်ရေးစက်ရုံတစ်ရုံ၏ လုပ်ငန်းခွင်ကို ဇန်နဝါရီ ၈ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ–အင်တာနက်)

တရုတ်နိုင်ငံ စီးပွားရေးလျင်မြန်စွာတိုးတက်လာမှု အရှေ့တောင်အာရှနိုင်ငံများအတွက် စီးပွားရေးအခွင့်အလမ်းများရရှိ

ဂျကာတာ ဇန်နဝါရီ ၉

တရုတ်နိုင်ငံ၏ စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှုသည် အရှေ့တောင်အာရှနှင့် အရှေ့အာရှနိုင်ငံများ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန် လှုံ့ဆော်ပေးခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး ဟက်ဆန်ဝီရာယုဒါက ဂျကာတာ၌ ဇန်နဝါရီ ၆ရက်က ပြောကြားလိုက်သည်။

တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုသည် ကမ္ဘာတွင် ပဋ္ဌမမြောက်စီးပွားရေးနှင့် အင်အားကြီးနိုင်ငံ ဖြစ်လာကြောင်း၊ အရှေ့နှင့် အရှေ့တောင်အာရှနိုင်ငံများအတွက် အခွင့်အလမ်းဖြစ်စေပြီး စီးပွားရေးတိုးတက်အောင်မြင်ကာ အကျိုးအမြတ်များ ရယူနိုင်မည် ဖြစ်ကြောင်း အဆိုပါ ဝန်ကြီးက နှစ်ပတ်လည် သတင်းထုတ်ပြန်ကြေညာချက်၌ ထည့်သွင်းပြောကြားခဲ့သည်။

အဆင်ပြေ

ဒေသတွင်းနှင့် တရုတ်နိုင်ငံ အကြား ပူးပေါင်းဆောင်ရွက်မှုသည် စီးပွားရေးတိုးတက်မှုနှင့် သံတမန်ဆက်ဆံရေးကို အဆင်ပြေချောမွေ့စေလိမ့်မည်ဖြစ်ကြောင်း ဝီရာယုဒါက ပြောကြားသည်။

ပူးပေါင်း

နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှု စိတ်ဓာတ်ဖြင့်သာ ဖြစ်ပေါ်လာနိုင်သည့် ခြိမ်းခြောက်မှုများကို လျော့ပါးသွားစေလိမ့်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

မြန်မာ့အလင်း နိုင်ငံတကာ သတင်းများ

တောင်အာဖရိကၡ ပျော်ပွဲရွှင်ပွဲရာသီအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ ၁၂၄၈ ဦးရှိခဲ့

ဂျိုဟန်နစ္စဘတ် ဇန်နဝါရီ ၉

တောင်အာဖရိကတွင် ပျော်ပွဲရွှင်ပွဲရာသီအတွင်း ယာဉ်မတော်တဆမှုကြောင့် သေဆုံးသူ စုစုပေါင်းမှာ ဇန်နဝါရီ ၅ ရက်အထိ ၁၂၄၈ဦး ရှိသွားပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးဌာနက ပြောကြားသည်။

သေဆုံးသူများအနက် ၅၂၉ ဦးမှာ လမ်းသွားလမ်းလာများဖြစ်ကြပြီး ၄၂၁ ဦးမှာ ခရီးသည်များနှင့် ၂၉၈ ဦးမှာ ယာဉ်မောင်းသူများဖြစ်ကြကြောင်း ပြောရေးဆိုခွင့်ရှိသူ ကိုလင်အမ်စီဘီက ပြောကြားသည်။

သေဆုံး

ကဝါဇူးလူးနာတဲလ်ပြည်နယ်တွင် ယာဉ်မတော်တဆမှုကြောင့် ၂၅၅ ဦးသေဆုံးခဲ့ပြီး ဂူတင်၌ ၂၀၈ ဦး၊ အရှေ့ပိုင်း ကိတ်၌ ၁၅၂ ဦး၊ အနောက်ပိုင်းကိတ်၌ ၁၂၅ ဦး၊ အမ်ပူမာလန်ဂါ၌ ၁၂၅ ဦး၊ လင်ပိုပို၌ ၁၂၇ ဦး၊ အနောက်မြောက်၌ ၁၁၂ ဦး၊ ဖရီးစတိတ်၌ ၁၀၅ ဦးနှင့် မြောက်ပိုင်းကိတ်၌ ၃၉ ဦးဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

အရာရှိများသည် ဆက်လက်ဖြစ်ပွားလျက်ရှိသော အမှု ၁၄၄ မှုကို ရဲတပ်ဖွဲ့ထံ သတင်းပေးပို့ထားကြောင်း အမ်စီဘီက ပြောကြားသည်။

အစိုးရသည် သေဆုံးသူ အရေအတွက်နှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်လျက်ရှိကြောင်း၊ ယခုရက်သတ္တပတ်အတွင်း အပျော်ခရီးထွက်သူများအား စိတ်ရှည်သည်းခံကြရန် အစိုးရက တိုက်တွန်းမေတ္တာရပ်ခံထားကြောင်း ၎င်းကပြောကြားသည်။

ယာဉ်မတော်တဆမှုနှင့် ပတ်သက်၍ အရေးယူရန် မိမိတို့တာဝန်ရှိသည့်တိုင်အောင်၊ ယာဉ်စည်းကမ်းချိုးဖောက်မှုသည် အရေးကြီးသည့် ပြစ်မှုဖြစ်ပြီး လူမှုရေးအရ ခွင့်လွှတ်စရာကိစ္စရပ်မဟုတ်သည်ကို နားလည်သည့်တိုင်အောင် ယာဉ်မတော်တဆမှုကြောင့် သေဆုံးမှုများကို ထိန်းချုပ်ဟန့်တားသည့် ကိစ္စရပ်တွင် မည်သည့်အရေးပါသော အောင်မြင်ဖြစ်ထွန်းမှုကိုမျှ ဆောင်ရွက်ရန် အလားအလာမရှိဖြစ်နေရကြောင်း အမ်စီဘီက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

အီရန်၏ နျူကလီးယားအစီအစဉ်ကို ကျူးဘားသမ္မတထောက်ခံ အမေရိကန်၏နိုင်လိုမင်းထက်ပြုမှုကို တုံ့ပြန်ခြင်းဖြစ်ဟုဆို

ဟာဗားနား ဇန်နဝါရီ ၉

ငြိမ်းချမ်းရေးအတွက် ဆောင်ရွက်နေသော အီရန်နိုင်ငံ၏ နျူကလီးယားအစီအစဉ်ကို မိမိအနေဖြင့် ထောက်ခံကြောင်း ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုက ထုတ်ဖော်ပြောကြားလိုက်သည်။

အီရန်နိုင်ငံသည် အခြားနိုင်ငံအချို့ကဲ့သို့ပင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် နျူကလီးယားစွမ်းအင် ထုတ်လုပ်ရန် အခွင့် အရေးရှိကြောင်း၊ ထိုသို့နျူကလီးယားစွမ်းအင်ထုတ်လုပ်ရေးအတွက် လိုအပ်သော ခေတ်မီနည်း ပညာများ ရရှိရန်လည်း အခွင့်အလမ်းရှိကြောင်း ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုက ဇန်နဝါရီ ၄ ရက်၌ ပြောကြားသည်ဟု ဇန်နဝါရီ၅ ရက်က ထုတ်သည့် ဂရန်မာသတင်းစာ၌ ဖော်ပြသည်။

ဖော်ပြ

ကျူးဘားသမ္မတ ဖီဒယ်လ်ကက်စထရိုအနေဖြင့် အီရန်သမ္မတ အာမက်ဒီန်ရတ်နှင့်တယ်လီဖုန်းဖြင့်စကားပြောဆိုဆွေးနွေးရာတွင် အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်ဟု အဆိုပါသတင်းစာ၌ ဖော်ပြသည်။

တုံ့ပြန်

ကျူးဘားသမ္မတအနေဖြင့် အီရန်နိုင်ငံ၏ နျူကလီးယား အစီအစဉ်အပေါ် ထောက်ခံသည့် အတွက် ကျေးဇူးတင်ကြောင်း၊ ကျူးဘားသမ္မတ ၏ထောက်ခံမှုသည် နိုင်လိုမင်းထက်ပြုမှုလိုစိတ်ရှိနေသော အမေရိကန်ပြည်ထောင်စုကို တန်ပြန်တုံ့ပြန်မှုတစ်ခုပင်ဖြစ်ကြောင်း အီရန်သမ္မတ အာမက်ဒီန်ရတ်က ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အမေရိကန်ပြည်ထောင်စုသည် နိုင်ငံအချို့ကိုဦးဆောင်ကာ အီရန်၏ နျူကလီးယားအစီအစဉ်ကို ရပ်ဆိုင်းရန်ကြိုးစားနေပြီး အီရန်နိုင်ငံသည် နျူကလီးယားလက်နက်များထုတ်လုပ်ရန် ကြိုးစားနေသည်ဟု စွပ်စွဲချက်ကိုလည်း အီရန်က မကြာမီကပယ်ချခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

ကင်းလှည့်

အီရတ်နိုင်ငံ ဖလူးဂျာမြို့၌ ကင်းလှည့်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို ဇန်နဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

ဘဂ္ဂဒက်၌ ကားဗုံးဖောက်ခွဲ နှစ်ဦးသေဆုံး၊ခြောက်ဦးဒဏ်ရာရရှိ

ဘဂ္ဂဒက် ဇန်နဝါရီ ၉

ဘဂ္ဂဒက်မြို့တွင် ဇန်နဝါရီ၅ရက်က ကားဗုံးခွဲတိုက်ခိုက်မှုနှစ်ရပ်နှင့် ကားဗုံးပေါက်ကွဲမှု တစ်ရပ်ကြောင့် လူနှစ်ဦးသေဆုံးပြီး ခြောက်ဦး ဒဏ်ရာရရှိခဲ့ကြောင်း အီရတ်ရဲတပ်ဖွဲ့နှင့် အီရတ် ပြည်ထဲရေးဝန်ကြီးဌာနမှ သတင်းများ၌ ဖော်ပြသည်။

ဖြစ်ပွားမှုမှာ ဘဂ္ဂဒက်မြို့လယ်တွင် ကားဗုံးပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားပြီးနောက် ဘဂ္ဂဒက်မြို့ အရှေ့ပိုင်းတွင် ကားဗုံးဖောက်ခွဲတိုက်ခိုက်မှုတစ်ရပ်ဖြစ်ပွားခဲ့ရာ ရဲအရာရှိသုံးဦး ဒဏ်ရာရရှိခဲ့သည်။

နောက်ထပ် ကားဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်မှာ ဘဂ္ဂဒက်မြို့လယ်ရှိ တံတားတစ်ခုအနီး၌ ဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး အီရတ်တပ်ဖွဲ့ဝင်တစ်ဦးနှင့် အီရတ်ပြည်သူတစ်ဦးတို့ သေဆုံးခဲ့ပြီး လူ သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။ **အမ်အင်အေ၊ရိုက်တာ**

ကာဘာလာမြို့၌ ဗုံးခွဲတိုက်ခိုက် ၄၉ဦးသေဆုံး၊ ၆၈ဦးဒဏ်ရာရရှိ

ကာဘာလာ ဇန်နဝါရီ ၉

အီရတ်နိုင်ငံ ကာဘာလာမြို့တွင် ဇန်နဝါရီ ၅ရက် ကြာသပတေးနေ့က ဗုံးခွဲတိုက်ခိုက်မှုတစ်ရပ်ကြောင့် လူ ၄၉ဦးသေဆုံးကာ ၆၈ဦး ဒဏ်ရာရရှိခဲ့သဖြင့် တစ်လကျော်ကာလအတွင်း ဗုံးခွဲတိုက်ခိုက်မှုများတွင် သေဆုံးဒဏ်ရာရရှိမှုအများဆုံး ဗုံးခွဲ တိုက်ခိုက်မှုတစ်ရပ် ဖြစ်ကြောင်း သိရသည်။

တိုက်ခိုက်

ကာဘာလာမြို့အဆောက်အအုံ တစ်ခုအနီး လမ်းတစ်လမ်းတွင် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်ကြောင်း အီရတ် ရဲတပ်ဖွဲ့က ပြောကြားသည်။ ယခုဗုံးခွဲတိုက်ခိုက်မှုသည် မကြာမီရက် အတွင်း ဒုတိယမြောက် ဗုံးခွဲတိုက်ခိုက်ခြင်းပင် ဖြစ်သည်။

ပထမ ဗုံးခွဲ တိုက်ခိုက်မှုမှာ ဇန်နဝါရီ ၄ရက် ဗုဒ္ဓဟူးနေ့တွင် ဖြစ် ပွားပြီး လူသေဆုံးမှု များပြားခဲ့သည်။ ဒဏ်ရာရရှိသူများကို ဆေးကုသရန် မော်တော်ယာဉ်များဖြင့် သယ်ဆောင်ပေးခဲ့ရကြောင်းလည်း သိရသည်။ ကာဘာလာမြို့သည် ဘဂ္ဂဒက်မြို့ အနောက်တောင်ဘက် ၆၈မိုင်အကွာ၌ တည်ရှိပြီး နာဂျက်ဖ်မြို့ အနီးတွင် တည်ရှိသည့် မြို့ဖြစ်သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်အနီး လက်နက်ကိုင်တိုက်ခိုက်ရေးသမားများ ပြည်နယ်ကောင်စီအဖွဲ့ဝင်တစ်ဦးအား ပြန်ပေးဆွဲခဲ့

ဘဂ္ဂဒက် ဇန်နဝါရီ ၉

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်အနီးတွင် ဇန်နဝါရီ ၆ ရက်က အမည်မသိ လက်နက်ကိုင်တိုက်ခိုက်ရေးသမားများက ကယ်ကွတ်မြို့မှ ပြည်နယ်ကောင်စီအဖွဲ့ဝင်တစ်ဦးကို ပြန်ပေးဆွဲသွားခဲ့ကြောင်း ပြည်ထဲရေး ဝန်ကြီးဌာနက ဆင်ဟွာသို့ ပြောကြားသည်။

ဘဂ္ဂဒက်၏ မြောက်ဘက် အယ်လ်ရှာအက်ခရိုင်တွင် ကယ်ကွတ်ပြည်နယ်ကောင်စီအဖွဲ့ဝင် အာမက်အဂ္ဂါနီဇာကို ကားနှစ်စီးဖြင့် လက်နက်ကိုင်သမားများက ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း ဝန်ကြီးဌာန၏ သတင်းများတွင် ဖော်ပြပါရှိသည်။

ပေါက်ကွဲ

အသေးစိတ်အချက်အလက်များကိုမူ ထုတ်ပြန်ခြင်း မရှိပေ။ သီးခြားဖြစ်စဉ်တစ်ခုမှာ ဘဂ္ဂဒက်ရှိ အခိုင်အမာဆောက်လုပ်ထားသော အစိမ်းရောင်နယ်မြေတွင် နံနက် ၉ နာရီ ၅၅ မိနစ်က အမြောက်ကျည်ဆန်နှစ်ခု ကျရောက်ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အဆိုပါ အစိမ်းရောင်နယ်မြေတွင် အီရတ်အစိုးရအရာရှိများ၏ အိမ်များနှင့် အမေရိကန်သံရုံးရှိကြောင်း ဘဂ္ဂဒက်ရဲအရာရှိ အာမက်အဗ္ဗဒူလာက ပြောကြားသည်။

အမြောက်ကျည်ဆန်တစ်ခုမှာ ယခင်ဝန်ကြီးချုပ် အာယက်အယ်လ်လာဝီ၏ ဌာနချုပ်အနီး ကျရောက်ခဲ့ကြောင်း အဗ္ဗဒူလာကပြောကြားသည်။ ထိုစဉ်အတွင်း ရဲတပ်ဖွဲ့သည် ဘဂ္ဂဒက်၏တောင်ပိုင်းရှိ အဓိက မိလ္လာအညစ်အကြေးများ စွန့်ပစ်ရာ ရေကန်များအတွင်းမှ အလောင်း ၁၀ လောင်းကို တွေ့ရှိခဲ့ကြောင်း ၎င်းက ပြောကြားသည်။

သေဆုံးသူများမှာ ပစ်သတ်မခံရမီက နှိပ်စက်ညှဉ်းပန်းခြင်းခံရပုံရှိကြောင်း အဗ္ဗဒူလာက ပြောကြားသည်။ နေ့စဉ်နီးပါး အဆိုပါ ရေကန်များအတွင်းမှ အလောင်းများကို တွေ့ရလေ့ရှိကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ပန်းတစ်ပွင့်တောင်ဆရာတော်တရားပွဲ

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း တိုက်ကြီးမြို့နယ် ပန်းတစ်ပွင့်တောင် တောရသာသနာ့နယ်မြေ ပဓာန နာယက သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တပညာသာရ အရှင်သူမြတ်သည် ဇန်နဝါရီ ၁၀ ရက်တွင် မြောက်ဥက္ကလာပမြို့ ရေလမ်းမကြီး မင်္ဂလာမဏ္ဍပ်၊ ၁၃ ရက်တွင် မှော်ဘီမြို့နယ် သံဃနာယကကျောင်း၊ ၂၄၊ ၂၅ နှင့် ၂၆ ရက်များတွင် တိုက်ကြီး ဘုရားလေးဓမ္မာရုံ၊ ၂၇ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် နွယ်သာကီ ၃ လမ်း မင်္ဂလာမဏ္ဍပ်၊ ၂၈ ရက်တွင် ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်ဘုရားတန်းဆောင်းနှင့် ၃၁ ရက်၌ မြောက်ဥက္ကလာပမြို့နယ် တုသိတာလမ်းမကြီးမင်္ဂလာမဏ္ဍပ်တို့တွင် ညစဉ် ၇ နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(ဝ၄၆)**

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်း အမှတ်စဉ်(၆၆)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

မြန်မာ့ပင်လယ်ပြင်ကြီးသည် ရေပေါ်ရေအောက်သယံဇာတများ ပေါကြွယ်ဝ

ပိုင်နက်ပင်လယ်လုံခြုံမှုရှိစေရေး တာဝန်များကို ဦးလည်မသုန်ထမ်းဆောင်

အချုပ်အခြာအာဏာကို ထိပါးလာသူမှန်သမျှ ပင်လယ်ပြင်၌ပင် အပြီးတိုင်ချေမှုန်း

ရန်ကုန် ဇန်နဝါရီ ၉

တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်း အမှတ်စဉ်(၆၆)နှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သန်လျင်တပ်နယ်ရှိ ရေတပ်လေ့ကျင့်ရေးဌာနချုပ် စစ်ရေးပြကွင်း၌ ကျင်းပရာ အခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် တပ်မတော်လေ့ကျင့်ရေးအရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ တပ်မတော်(ရေ)မှ အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းဆင်းအရာရှိများနှင့် ၎င်းတို့၏ မိဘဆွေမျိုးများ၊ ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

ဂုဏ်ပြုတပ်ခွဲများစစ်ဆေး

အစီအစဉ်အရ ရှေးဦးစွာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက သင်တန်းဆင်းတပ်ခွဲနှင့် ဂုဏ်ပြုတပ်ခွဲများကို စစ်ဆေးသည်။

ထို့နောက် သင်တန်းဆင်းတပ်ခွဲနှင့် စစ်ရေးပြတပ်ခွဲများက ကာကွယ်ရေးဦးစီးချုပ်(ရေ)အား အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြသည်။

ယင်းသို့ တပ်ခွဲများက အနေးလျှောက်၊ အမြန်လျှောက်တို့ဖြင့် ချီတက်အလေးပြုကြစဉ် တပ်မတော်(ရေ)မှ စစ်ရေယာဉ်များက အုပ်စုဖွဲ့၍ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းအား ရန်ကုန်မြစ်ကြောင်းမှ အလေးပြု မောင်းနှင်ကြသည်။

ဆုများချီးမြှင့်

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းအမှတ်စဉ်(၆၆)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ(၄၃၂၇) ဗိုလ်လွှမ်းဝေနှင့် အင်ဂျင်နီယာအရာရှိငယ်သင်တန်းအမှတ်စဉ်(၄၀)မှ အကောင်းဆုံး ကျောင်းသားဆုရ ရေ(၄၃၈၉) ဗိုလ်ကျော်ဇာနည်ဦးတို့အား ဆုများ အသီးသီးချီးမြှင့်သည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ကိုယ်စား ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်းက အမှာစကားပြောကြားရာတွင် တပ်မတော်(ရေ) စီမံခန့်ခွဲရေးအရာရှိငယ်သင်တန်းအမှတ်စဉ်(၆၆)နှင့် အင်ဂျင်နီယာ အရာရှိငယ်သင်တန်း အမှတ်စဉ်(၄၀) သင်တန်းဆင်းသည့်နေ့တွင် ရဲဘော်တို့အား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကိုယ်စား မှာကြားစရာရှိသည်များကို အလေးအနက် မှာကြားလိုကြောင်း။

ရဲဘော်တို့သည် ရေတပ်လေ့ကျင့်ရေးဌာနချုပ်မှာ ရေတပ် တပ်ဖွဲ့ဆိုင်ရာ ဘာသာရပ်များ၊ စီမံခန့်ခွဲရေးပညာရပ်များနှင့် စက်မှုလက်မှုဆိုင်ရာ ပညာရပ်များကို ဆည်းပူးသင်ယူခဲ့ပြီး တာဝန်ကျရာ တပ်၊ စခန်း၊ ရေယာဉ်အသီးသီးသို့ သွားရောက် တာဝန်ထမ်းဆောင်ကြရတော့မည့် တပ်မတော်(ရေ)၏ ခေါင်းဆောင်ငယ်များဖြစ်ကြောင်း။

အောင်မြင်မှုရရှိ

ရဲဘော်တို့ကို သင်ကြားပေးလိုက်သည့် ပညာရပ်များသည် အခြေခံအဆင့်သာဖြစ်ကြောင်း၊ တာဝန်ကျရာ တပ်၊ စခန်း၊ ရေယာဉ်အသီးသီးမှာ ယင်းပညာရပ်များကို လက်တွေ့ဘဝ အတွေ့အကြုံများနှင့် ပေါင်းစပ်၍ မိမိတို့၏အရည်အသွေး ပိုမိုမြင့်မားလာအောင် ဆက်လက် လေ့လာပွားများသွားကြရမှာဖြစ်ကြောင်း၊ တစ်ဦးချင်းအနေဖြင့် သင်ကြားပေးလိုက်သည့် ပညာရပ်များကို ဆက်လက်လေ့လာအားထုတ်သွားမှသာလျှင် လက်တွေ့နယ်ပယ်မှာ အောင်မြင်မှုရရှိနိုင်မှာဖြစ်ကြောင်း။

တပ်မတော်(ရေ)သည် စတင်ဖွဲ့စည်းခဲ့ချိန်ကစ၍ ယနေ့ခေတ်တိုင် ကာကွယ်ရေး လိုအပ်ချက်နှင့်အညီ တပ်စခန်းများနှင့် စစ်ရေယာဉ်များကို တိုးချဲ့ဖွဲ့စည်းခဲ့ကြောင်း၊ ရဲဘော်တို့အနေဖြင့် တည်ဆောက်ဖြည့်တင်းခဲ့သည့် လက်နက်နှင့် စစ်ရေယာဉ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်၍ တိုက်ပွဲဝင်နိုင်ရန် တစ်ဦးချင်းရော တပ်ဖွဲ့အလိုက်ပါ အရည်အသွေးမြင့်မားရမည်ဖြစ်ကြောင်း၊ မြန်မာ့ပင်လယ်ပြင်မှာ ထိပါးကျူးကျော်လာသူမှန်သမျှကို အမြစ်ပြတ်သွားအောင် ချေမှုန်းရမည့်တာဝန်ကို ရဲဘော်တို့ ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် မြောက်ဘက်နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ မိုင်ပေါင်း ၁၃၈၅ မိုင်ခန့်ရှည်လျားသည့် ကမ်းရိုးတန်းနှင့် ကမ်းခြေမှသီးသန့်စီးပွားရေးဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း တစ်သိန်း လေးသောင်းကျော်ကျယ်ဝန်းသည့် ပင်လယ်ပြင်ကိုပိုင်ဆိုင်သည့် နိုင်ငံဖြစ်ကြောင်း။

မိမိတို့ ပင်လယ်ပြင်ကြီးသည် ရေပေါ်ရေအောက် သယံဇာတများ ပေါကြွယ်ဝကြောင်း။

ဦးလည်မသုန်

ထို့ကြောင့် ရဲဘော်တို့သည် ယင်းပင်လယ်ပြင်သယံဇာတ အရင်းအမြစ်များကို ထိန်းသိမ်းရေးနှင့် လုံခြုံစွာထုတ်ယူ အသုံးပြုနိုင်ရေးအတွက် ကာကွယ်စောင့်ရှောက်ရမည့်အပြင် မိမိတို့ ပင်လယ်ပြင်ကို ဝင်ရောက်လာမည့် ပြည်ပ ကျူးကျော်သူမှန်သမျှကိုလည်း ပင်လယ်ပြင်မှာပင် အပြီးတိုင် ခုခံကာကွယ်တားဆီးချေမှုန်းရမည်၊ သို့မှသာ တပ်မတော်(ရေ)၏ အဓိကတာဝန်ကြီးကို ကျေပွန်မှာဖြစ်ကြောင်း၊ မြန်မာ့ပင်လယ် ဒို့ကာကွယ်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပိုင်နက်ပင်လယ်လုံခြုံမှုရှိစေရေးနှင့် နိုင်ငံတော် အချုပ်အခြာအာဏာကို ထိပါးကျူးကျော်လာသူမှန်သမျှကို ပင်လယ်ပြင်မှာပင် အပြီးတိုင် ချေမှုန်းနိုင်ရေး တာဝန်များကို ဦးလည်မသုန်ထမ်းဆောင်နိုင်ရမည်ဖြစ်ကြောင်း။

တပ်၊ စခန်း၊ ရေယာဉ်များကို ရောက်ရှိသည့်အခါ ရဲဘော်တို့သည် တပ်မတော်(ရေ)၏ ခေါင်းဆောင်ငယ်များအဖြစ် တာဝန်ထမ်းဆောင်ရမှာဖြစ်သည့်အတွက် ခေါင်းဆောင်ပီသအောင် ပြောဆို နေထိုင်ကျင့်ကြံပြီး ခေါင်းဆောင်မှုအင်္ဂါရပ် ၁၆ ချက်နှင့် ပြည့်စုံရန်လိုအပ်ကြောင်း၊ ရဲဘော်တို့သည် မိမိကိုထက်မြက်သည့် ခေါင်းဆောင်အဖြစ် လက်အောက်က ယုံကြည်ကိုးစားလာအောင် ခေါင်းဆောင်မှုအရည်အသွေး ပြည့်ဝသည်ထက် ပြည့်ဝရန် အစဉ်အမြဲကြိုးစားအားထုတ်သွားကြရန် မှာကြားလိုကြောင်း။

မိမိတို့တပ်မတော်သည် ဒို့တာဝန် အရေးသုံးပါးကို ဦးထိပ်ထား၍ နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်ရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းတည်ဆောက်နေခြင်းဖြစ်ကြောင်း။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် တိုင်းရင်းသားအားလုံး ခိုင်မာစွာ စည်းလုံးညီညွတ်ကြရန် လိုအပ်ကြောင်း၊ တစ်နည်းအားဖြင့် ပြည်ထောင်စုစိတ်ဓာတ် ခိုင်မာသည်ထက် ခိုင်မာအောင် တည်ဆောက်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် ရဲဘော်တို့သည် ပြည်ထောင်စုစိတ်ဓာတ်ထွန်းကားရေးကို အလေးထားဆောင်ရွက်နေကြရမည်ဖြစ်ကြောင်း။

တာဝန်ကြီးတစ်ရပ်ဖြစ်

ထို့အတူ တစ်ချိန်တည်းမှာပင် နိုင်ငံတော်ကာကွယ်ရေးအတွက် တပ်မတော်ကို အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သည့် ခေတ်မီတပ်မတော်ဖြစ်အောင် ထမ်းဆောင်သွားရမည့်လုပ်ငန်းသည် မဖြစ်မနေဆောင်ရွက်ရမည့် တာဝန်ကြီးတစ်ရပ်ဖြစ်ကြောင်း။

ရဲဘော်တို့အနေဖြင့် မိမိကိုပေးအပ်လာသည့်တာဝန်ကို နိုင်ငံတော်နှင့် တပ်မတော်အတွက် စွန့်လွှတ်စွန့်စားလိုသည့်စိတ်ဓာတ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲ စိတ်ဓာတ်များ အစဉ်ဖြစ်ပေါ်တက်ကြွနေအောင် ယုံကြည်ချက်၊ ခံယူချက်များဖြင့် စိတ်ဓာတ်ကို တည်ဆောက်ပေးရမည်ဖြစ်ကြောင်း၊ စိတ်ဓာတ်ကောင်းရမည်၊ စည်းကမ်းကောင်းရမည်၊ ပညာရပ်ဆိုင်ရာ ကျွမ်းကျင်ရမည်၊ ကျန်းမာသန်စွမ်းရမည်၊ ဗဟုသုတ ကြွယ်ဝရမည်ဆိုသည့် တပ်မတော်(ရေ)၏ ရည်မှန်းချက်များကို အလေးအနက်ထား အကောင်အထည်ဖော်ရမည့်အပြင် မြန်မာ့ပင်လယ်ပြင်ကာကွယ်ရေးတာဝန်ကို လှေခွက်ချည်းကျန် အလံမလှဲစိတ်ဓာတ်ဖြင့် စွမ်းစွမ်းတမံ ထမ်းဆောင်သွားကြရန် မှာကြားလိုကြောင်း စသည်ဖြင့် တိုက်တွန်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

လိုအပ်သည်များမှာကြား

အခမ်းအနားအပြီးတွင် သင်တန်းဆင်း အောင်လက်မှတ်ပေးအပ်ခြင်း အခမ်းအနားကို သီရိမဟာ ဇေယျကျော်ထင်ခန်းမ၌ ဆက်လက်ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ကိုယ်စား ရေတပ်လေ့ကျင့်ရေးဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးတင်ဦးက သင်တန်းဆင်း အရာရှိများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ပြီး လိုအပ်သည်များ မှာကြားသည်။

ညပိုင်းတွင် သင်တန်းဆင်း ဂုဏ်ပြုညစာစားပွဲကို ရေတပ်လေ့ကျင့်ရေးဌာနချုပ် အရာရှိရိပ်သာ၌ ကျင်းပခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း အင်ဂျင်နီယာအရာရှိငယ် သင်တန်းအမှတ်စဉ်(၄၀)မှ အကောင်းဆုံး ကျောင်းသားဆုရ ဗိုလ်ကျော်ဇာနည်ဦးအား ဆုချီးမြှင့်စဉ်။ (သတင်းစဉ်)

နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကို ဈေးပြိုင်ခနစ်ဖြင့်ရောင်းချမည်

ရန်ကုန် ဇန်နဝါရီ ၉

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် အမာကျေးရွာ စက်ကုန်းကွင်းရပ်ရှိ အုန်းဆံကြိုးစက်ရုံ(အမာ)ကို ကျပ် ၅၇ ဒသမ ၉၇၈ သန်းဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်း မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်း အထက်ပုဇွန်တောင်လမ်း အမှတ်(၂၄၂)ရှိ ဘဲမွေးပစ္စည်းစက်ရုံကို ကျပ် ၁၂၅၅ ဒသမ ၆၂၃ သန်းဖြင့်လည်းကောင်း ဈေးပြိုင်စနစ်ဖြင့် အပြီးအပြတ်ရောင်းချမည်ဖြစ်ရာ ဝယ်ယူလိုသူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများသည် အဆိုပြုလွှာများကို ယနေ့မှစ၍ ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန) အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့တွင် ဝယ်ယူနိုင်သည်။ ယင်းအဆိုပြုလွှာများကို ဖေဖော်ဝါရီ ၉ ရက် တစ်ရက်တည်းသာ နံနက် ၁၀ နာရီမှ ညနေ ၄ နာရီအတွင်း တင်သွင်းရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များကို သိလိုပါက ပုဂ္ဂလိကပိုင်ပြုလုပ်ရေးကော်မရှင်ရုံး (စီမံကိန်းစိစစ်ရေးနှင့် တိုးတက်မှုအစီရင်ခံရေးဦးစီးဌာန) အမှတ်(၃၁၃) ဗိုလ်အောင်ကျော်လမ်း ရန်ကုန်မြို့ ဖုန်း-၂၄၅၅၀၆၊ ၂၄၅၅၁၆ နှင့် ၂၄၅၅၃၇ တို့သို့ ဆက်သွယ် မေးမြန်းစုံစမ်းနိုင်သည်။ **(သတင်းစဉ်)**

စက်ခလုတ်နှိပ်ဖွင့်

မြန်မာနိုင်ငံ ပညာရေးကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)ရှိ အမျိုးသမီးတပ်ခွဲ ရွာညီဆောင် နှစ်ထပ် အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်မည့် အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင်မွေးထုတ်

စာမျက်နှာ ၃ မှ

ညီညွတ်သော လူ့ဘောင်အဖွဲ့အစည်းအတွင်း နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားပြီး ကျန်းမာကြံ့ခိုင်သည့် နိုင်ငံသူနိုင်ငံသားများ ဖြစ်ထွန်းစေမှုကို အခြေခံသော လူမှုရေးဦးတည်ချက်များ ချမှတ်ပြီး နိုင်ငံတော်ကြီးကို နယ်ပယ်ကဏ္ဍစုံက ကြိုးပမ်းတည်ဆောက်ပေးလျက်ရှိသည့်အတွက် ဤသို့ အခြေခိုင်ခံ့သော တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာခဲ့ခြင်း ဖြစ်သည်ဟုလည်း ယုံကြည်ထားကြောင်း။

ယင်းသို့တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ၏ အားပေးထောက်ကူမှုဖြင့်သာ နိုင်ငံတော်၏ အနာဂတ်ကို ပိုမိုတိုးတက်ကောင်းမွန်အောင် တည်ဆောက်ပေးမည့် နိုင်ငံ့သားကောင်းသမီးကောင်း လူရည်ချွန်လူရည်မွန်များ ပေါ်ပေါက်ပြီး နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံများသည်လည်း ထပ်ဆင့် ဆင့်ပွား ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း။

ယနေ့ခေတ်ကာလကဲ့သို့ သိပ္ပံနှင့်နည်းပညာ တိုးတက်ဖြစ်ထွန်းမှုများက ဦးဆောင်ပြီး အစစအရာရာကို ပြောင်းလဲတိုးတက်စေနေသည့် အချိန်အခါကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး တိုးတက်ကြီးပွားရေးအတွက် ကြိုးပမ်းဆောင်ရွက်ရာ၌ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှု၊ နိုင်ငံသူနိုင်ငံသားများ၏ စည်းလုံးညီညွတ်မှု အခြေခံကောင်းများအပြင် အရည်အချင်း မြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ စဉ်ဆက်မပြတ်ပေါ်ထွန်းစေမှုသည်လည်း ပဓာနကျသော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်ကြောင်း။

ထူးခြားစွာတိုးတက်မြင့်မားလာ

မိမိနိုင်ငံသူနိုင်ငံသားများ၏ အသိဉာဏ်ပညာနှင့် ကျွမ်းကျင်မှုများသည် ယနေ့ ခေတ်ကာလတွင် နိုင်ငံ၏ သယံဇာတတစ်ရပ်ဖြစ်နေကြောင်း၊ ယင်းသို့ အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ် သယံဇာတများနှင့် နိုင်ငံတော်၏ ပင်ကိုကြွယ်ဝပြီး ဖြစ်သည့် သဘာဝ သယံဇာတ အရင်းအမြစ်များကို သဟဇာတဖြစ်စွာ ပေါင်းစည်းပေးနိုင်သည်နှင့် အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်သည်လည်း သိသာထူးခြားစွာ တိုးတက်မြင့်မားလာမည်မှာ အမှန်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် တစ်ကမ္ဘာလုံးဆက်စပ်ယှက်နွယ် ပြောင်းလဲနေသည့် ဖြစ်စဉ်နှင့် အသိပညာခေတ်တို့၏ စိန်ခေါ်မှုများကို ရင်ဆိုင် ကျော်လွှားနိုင်စေရန် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းကို အသိပညာအခြေခံသော စဉ်ဆက်မပြတ်

ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အမျိုးသမီးတပ်ခွဲ ရွာညီဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို တွေ့ရစဉ်။

(သတင်းစဉ်)

လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းဖြစ်လာစေရန် ပညာရေး ကဏ္ဍကရည်မှန်းချက်ရှိရှိဖြင့် အားထုတ်ကြိုးပမ်း ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ဤမျှော်မှန်းချက်များနှင့်အညီ အမျိုးသားပညာရည်မြင့်မားရေး နှစ်တိုနှစ်ရှည် စီမံကိန်းများကို ရေးဆွဲချမှတ်ပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတကာအဆင့်မီ ပညာရည်မြင့်မားရေး၊ နိုင်ငံသူနိုင်ငံသားတိုင်း ပညာတတ်မြောက်စေရေးနှင့် အရည်အသွေးမြင့်မားသည့်အသိပညာရှင် အတတ်ပညာရှင်များ စဉ်ဆက်မပြတ် ပေါ်ထွန်းလာစေရေး အစီအမံများကို ဟန်ချက်ညီညီ ပေါင်းစပ်ဆောင်ရွက်လျက်ရှိကြောင်း။

စဉ်ဆက်မပြတ်လေ့လာသင်ယူ

ပညာရေးကဏ္ဍအနေဖြင့် နိုင်ငံသူ နိုင်ငံသားတိုင်း ပညာသင်ယူနိုင်မှုအခွင့်အလမ်း ညီမျှစွာရရှိနိုင်စေရန် အဆင့်မြင့်အသိပညာရှင် အတတ်ပညာရှင်များ ဖြစ်လာစေရေးအတွက် ကျယ်ကျယ်ပြန့်ပြန့် ရွေးချယ်သင်ယူနိုင်သည့် အခြေခံများဖြစ်ထွန်းလာစေရန်နှင့် စဉ်ဆက်မပြတ် လေ့လာသင်ယူနိုင်သော ပညာရေးပတ်ဝန်းကျင်ကောင်းများ ဖြစ်ထွန်းလာစေရန် စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းအခြေခံကောင်းများ ဖြစ်ထွန်းလာစေရေးအတွက်လည်း အနာဂတ်ကို မျှော်မှန်းသည့် ပညာရေးဆိုင်ရာ အခြေခံအဆောက်အအုံများ ဖြစ်သော သတင်းနှင့် ဆက်သွယ်ရေး နည်းပညာဆိုင်ရာ အခြေခံအဆောက် အအုံများ၊ နိုင်ငံတကာအဆင့်မီ သုတေသနဌာနများ၊ ကွန်ပျူတာ ကွန်ရက်စနစ်များ၊ အီလက်ထရွန်နစ်စနစ်များကို တစ်နိုင်ငံလုံး ဖြန့်ကြက်တည်ဆောက်ပေးထားပြီး ဖြစ်သကဲ့သို့ ဆက်လက် တည်ဆောက်ပေးလျက်လည်းရှိကြောင်း။

အခြေခံပညာကဏ္ဍအနေဖြင့် ကြည့်မည်ဆိုလျှင် စာသင်ကျောင်းပေါင်း ၄၀၅၀၀ကျော်ကို နယ်စပ်ဒေသနှင့် ကျေးလက်အစွန်အဖျား ဒေသများပါမကျန် ဖြန့်ကြက်ဖွင့်လှစ် ပေးထားပြီးဖြစ်သည့်အပြင် အခြေခံပညာကျောင်းပေါင်း ၁၆၅၇ကျောင်း၌ Multi-Media Classroom များ ဖွဲ့စည်းထူထောင်ပေးထားပြီး ဖြစ်ကြောင်း၊ ထို့ပြင် တက္ကသိုလ်၊ ကောလိပ်နှင့် အထက်တန်းကျောင်းများ ပါဝင်သည့် နေရာဒေသ ၆၂၄ခု၌ e-Education Learning Centre များ ထူထောင်ပေးထားပြီး ဖြစ်ကြောင်း။

ညီညီမျှမျှဖြစ်ပေါ်လာ

ထို့ကြောင့် သင်ယူမှုသင်ကြားမှုနယ်ပယ်တွင် အီလက်ထရွန်နစ်နည်းပညာရပ်များ၏ အကျိုးကျေးဇူးကြောင့် အချိန်ကာလနှင့် ဒေသအကန့်အသတ်များကိုကျော်လွှားပြီး မြို့ပြနှင့် ကျေးလက်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများ ညီညီမျှမျှ ဖြစ်ပေါ်လာလျက်ရှိနေပြီဖြစ်ကြောင်း။

ယင်းသို့ ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို ယခင်ခေတ်ကာလကကဲ့သို့ မြို့ကြီးပြကြီးများ၌သာ အခြေစိုက်မထားဘဲ နယ်စပ် အစွန်အဖျားဒေသများနှင့် ကျေးလက်ဒေသများအထိ ဖြန့်ကြက်လွှမ်းခြုံထားနိုင်နေပြီဖြစ်သည့် အခြေအနေ အချိန်အခါကောင်းတွင် ဆရာ ဆရာမများအားလုံးက ယင်းအခွင့်အရေးကို ထိရောက်အကျိုးရှိစွာ အသုံးချနိုင်သည်နှင့်အမျှ တစ်မျိုးသားလုံး ပညာရည်မြင့်မားရေး၊ ဒေသအလိုက် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းရေးဆိုသည့် ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်မည် ဖြစ်သည့်အပြင် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကြိုးပမ်းဆောင်ရွက်မှုများပါ တစ်ချိန်တည်း တစ်ပြိုင်တည်း အောင်မြင်ဖြစ်ထွန်းလာမည်ဖြစ်ကြောင်း။

ပြည်ထောင်စုကြီးနှင့် နယ်မြေဒေသအစိတ်အပိုင်းများအားလုံး အကြားအလပ်မရှိမျှတစွာ တိုးတက်ဖြစ်ထွန်းစေရေးမှာ နယ်စပ်အစွန် အဖျားဒေသများနှင့် ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးသည် အခြေခံ လိုအပ်ချက်တစ်ရပ် ဖြစ်သကဲ့သို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှာလည်း ကျေးလက်နေပြည်သူများ ပညာတတ်မြောက်ရေးသည် အရေးပါသည့် ကဏ္ဍက ပါဝင်လျက်ရှိကြောင်း။

ကိုယ်တိုင်ပါဝင်ဆောင်ရွက်

ထို့ကြောင့် ဆရာ ဆရာမများ အထူးသဖြင့် ကျေးလက်ဒေသများ၌ တာဝန်ထမ်းဆောင်နေကြသည့် အခြေခံပညာ ဆရာ ဆရာမများ၏ အခန်းကဏ္ဍသည် အလွန်ပင်အရေးကြီးသည်ဟု ပြောကြားလိုကြောင်း၊ဆရာ ဆရာမများအားလုံးက ကျေးလက်နေပြည်သူများ ပညာတတ်မြောက်အောင် အဆင့်မြင့်ပညာရပ်များကို အရည်အသွေး ပြည့်ပြည့်ဝဝဖြင့် ဆက်လက် သင်ယူဆည်းပူးနိုင်မည့် ပညာရပ်ဆိုင်ရာ အခြေခံကောင်းများ ဖြစ်ထွန်းလာအောင် ဒေသဖွံ့ဖြိုးတိုးတက်ရေး၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်ကြရင်း မိမိကျောင်းနှင့် ရပ်ရွာ ဆက်စပ်ဖွံ့ဖြိုး တိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်ပေးကြပါဟု တိုက်တွန်းပြောကြားလိုကြောင်း။

ဆရာ ဆရာမများအနေဖြင့် စာသင်ကျောင်းများ ဥပဓိရုပ်ကောင်းမွန်စေရန်နှင့် သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ ပြည့်စုံစေရန် ရပ်ရွာကိုစည်းရုံးပြီး တက်တက်ကြွကြွ ဦးစီးဦးဆောင်ကြရန် လိုအပ်ကြောင်း၊ ကျောင်းများဥပဓိရုပ်ကောင်းမွန်ရေးသည် ကျောင်းသူကျောင်းသားများအတွက်သာမက ဆရာ ဆရာမများ၏ စိတ်ဓာတ်မြင့်မားရေးအတွက်ပါ အရေးပါသည့် လိုအပ်ချက်တစ်ရပ် ဖြစ်ကြောင်း။

အားထုတ်ကြိုးပမ်း

စာသင်ကျောင်းများ အင်္ဂါရပ်ပြည့်စုံသည့်အပြင် ပညာရေးအရည်အသွေးမြင့်မားရေးအတွက်လည်း အားထုတ်ကြိုးပမ်းကြရမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် ဆရာ ဆရာမများကိုယ်တိုင် ပညာရပ်ဆိုင်ရာများကို ကျွမ်းကျွမ်းကျင်ကျင် တတ်ကျွမ်းပြီး မိမိတို့တပည့် ကျောင်းသူကျောင်းသားများကိုလည်း အမှန်တကယ် တတ်မြောက်အောင်၊ လိမ္မာရေးခြားရှိအောင်၊ ကျောင်းစည်းကမ်း၊ အရပ် စည်းကမ်းနှင့် နိုင်ငံတော်တရားဥပဒေတို့ကို လေးစားလိုက်နာတတ်အောင်၊ မျိုးချစ်စိတ်ရှိအောင်၊ အမျိုးအနွယ် စောင့်သိတတ်အောင် ငယ်စဉ်အခါကသင်ကြားပေးပါမှ အရွယ်ရောက်လာသည့်အခါတွင် မိမိနိုင်ငံ မိမိလူမျိုး၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်တတ်သည့်၊ ကာကွယ်စောင့်ရှောက်နိုင်သည့် နိုင်ငံ့သားကောင်းသမီးမွန်များ ဖြစ်လာမည်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတော်အတွက် အရေးအကြီးဆုံးလိုအပ်ချက်သည် လူငယ်လူရွယ်များအပါအဝင် တိုင်းရင်းသားပြည်သူ **စာမျက်နှာ ၁၃ ကော်လံ ၁**

10-1 (06).p65 1 3/24/1905, 11:01 PM

အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံစုံညီအစည်းအဝေးမစတင်မီ နံနက် ၁၀နာရီခွဲမှစတင်၍အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစိုင်းတင့်အောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီမှ ဒေါက်တာပိုက်တင်၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးစံသာအောင်၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမန်းအုံးမောင်၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးကျော်မျိုးဝင်း၊ အသိပညာရှင် အတတ်ပညာရှင်ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးလှမြင့်၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးလှတင်နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့မှ ဦးပေါလိုက်ခမ်းတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် အမျိုးသား ညီလာခံကျင်းပရေး လုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး)ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးဦးအောင်ကြည်က ဆောင်ရွက်သည်။

အစည်းအဝေးအထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၇၉ဦးရှိပြီး ၁၀၆၅ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ဒသမ၇၀ရာခိုင်နှုန်း ရှိသဖြင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးအထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ဖတ်ကြားတင်ပြ

အစီအစဉ်အရ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရှေးဦးစွာ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးကျော်သန့်က ဖတ်ကြားတင်ပြသည်။

(ဦးကျော်သန့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးကျော်လှိုင်က ဆက်လက်ဖတ်ကြားတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးကျော်လှိုင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည် ကျင်းပရာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသိန်းလွင်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးသိန်းလွင်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရှေးဦးစွာ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစု

စာမျက်နှာ ၁၃ ကော်လံ ၅

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပရာ သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ကျင်းပစဉ်။ (သတင်းစဉ်)

ပျားပမာလျှင်

- ဒီနေ့ချိန်ခါ၊ ဒို့မြန်မာတွေ
  ပျားတွေစုပေါင်း၊ ကောင်းသည့်ဝတ်ရည်
  ဖွေနှီးစုစည်း၊ ပျားအုံကြီးကို
  ဖန်တီးသည့်အလား၊ ကြိုးစားအားထုတ်
  ဒို့လုပ်နေတာ၊ မြင်နိုင်ပါ၏။
- ဒို့မျှားစုပေါင်း၊ အားလုံးကောင်းအောင်
  ကြံဆောင်နေတာ၊ မြင်နေပါလျက်
  ဝင်ကာစွက်၍၊ ကဖျက်ယဖျက်
  ထိုးနှက်ဖျက်ဆီး၊ နည်းနည်းဖုံဖုံ
  ကြိုးစားကုန်က၊ ပျားအုံတုတ်ထိုး
  အဖြစ်မျိုးတွေ၊ ကြုံလေမလား
  တွက်ထားဖို့တော့ လိုတယ်နော။ ။

မျိုးသွား

(အမျိုးသားညီလာခံကိုကြိုဆိုဂုဏ်ပြုလျက်–)

*** ရှေ့ဖုံးမှ**

တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊‘ဝ’အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးမှ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အချပ်ပိုလေးမျက်နှာဖော်ပြပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက် အချပ်ပိုလေးမျက်နှာ ပူးတွဲဖော်ပြပါရှိပါသည်။

အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့် အနှစ်သာရ အပိုင်း(၅)

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးက နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်ရမည့်အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ပေးလျက်ရှိရာတွင် **"နိုင်ငံတော်နှင့် စပ်လျဉ်းသည့် အခြေခံရမည့်မူများအဖြစ်–**

(၁) မြန်မာနိုင်ငံသည် အချုပ်အခြာအာဏာပိုင် လွတ်လပ်သည့် နိုင်ငံဖြစ်သည်၊

(၂) နိုင်ငံတော်ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဟု ခေါ်တွင်မည်၊

(၃) နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာတည်သည်၊

(၄) နိုင်ငံတော်၏နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေအတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်း ဖြစ်သည်။"

ဟူ၍ ချမှတ်ထားပြီးဖြစ်ပါသည်။

ထို့အတူပင် နိုင်ငံတော်အခန်းအတွက် ချမှတ်ခဲ့သည့် အသေးစိတ် အခြေခံရမည့်မူများတွင် **"နိုင်ငံတော်၏မြေထု၊ ရေထု၊ လေထုပါဝင်သော နယ်နိမိတ်သည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ဖြစ်သည့်နေ့တွင် တည်ရှိသည့်အတိုင်းဖြစ်သည်"**ဟူ၍ ချမှတ်ထားပြီး နိုင်ငံတော်ဖွဲ့စည်းတည်ဆောက်ပုံအခန်းအတွက် ချမှတ်ထားသည့် အသေးစိတ် အခြေခံရမည့်မူများ၌လည်း **"နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ခြင်း"** ခေါင်းစဉ်ဖြင့် တစ်ဦးတစ်ယောက်တည်း၊ တစ်သင်းတစ်ဖွဲ့တည်း သဘောဖြင့် နိုင်ငံတော်၏ နယ်နိမိတ်ပြင်ဆင်မှုကို လက်လွတ်စပယ် အလျင်စလို မလုပ်နိုင်အောင် သတ်မှတ်ထားကြောင်း "အနာဂတ် နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရ" ဆောင်းပါး၌ အကျဉ်းချုံး၍ တင်ပြခဲ့ပြီး ဖြစ်ပါသည်။

ယခုဆက်လက်၍ **"နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်ခြင်း"**အကြောင်း နှင့်စပ်လျဉ်းပြီး အကျယ်တဝင့် သိရှိနိုင်ရန်အတွက် မေးမြန်းဆွေးနွေး ကြားသိသမျှ တင်ပြလိုက်ရပါသည်။

စိုးမြကျော် – ဘကြီးခင်ဗျာ။ အနာဂတ်နိုင်ငံတော် တည်ဆောက်မှုပုံသဏ္ဌာန်နှင့် အနှစ်သာရ အကြောင်း ရှင်းပြခဲ့တုန်းက **"နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ခြင်း"** ဆိုတဲ့ ကိစ္စနဲ့ စပ်လျဉ်းပြီး နောက်ပိုင်းကျမှ အသေးစိတ်ကို ဆက်ဆွေးနွေးမယ်လို့ ဆိုထားတာမို့ အခုရှင်းပြပေးပါဦး။

ဘကြီးစိုး – ဘကြီးတို့မြန်မာနိုင်ငံဟာ တိုင်းရင်းသားမျိုးနွယ်စု(၁၀၀) ကျော် မှီတင်းနေထိုင်တဲ့ နိုင်ငံဖြစ်သလို အိမ်နီးချင်းနိုင်ငံတွေအဖြစ် မြောက်ဘက်နဲ့ အရှေ့မြောက်ဘက်မှာ တရုတ်နိုင်ငံ၊ အရှေ့ဘက်နဲ့ အရှေ့တောင်ဘက်မှာ လာအိုနိုင်ငံနဲ့ ထိုင်းနိုင်ငံ၊ အနောက်ဘက်မှာ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့နဲ့ ထိစပ်တည်ရှိနေပြီး တောင်ဘက်မျက်နှာစာမှာတော့ ကပ္ပလီပင်လယ်နဲ့ ဘင်္ဂလားပင်လယ်အော်တို့ တည်ရှိနေတယ်လေ။

စိုးမြကျော် – ဟုတ်ကဲ့ပါခင်ဗျာ။ မြန်မာနိုင်ငံဟာ ဧရိယာပမာဏ အားဖြင့် ၂၆၁၂၂၈စတုရန်းမိုင်ရှိပြီး အရှေ့နဲ့အနောက် ၅၈၂မိုင် ကျယ်ဝန်းကာ တောင်နဲ့မြောက် ၁၂၇၅မိုင် ရှည်လျားပါတယ်။ နယ်နိမိတ်အားဖြင့် မိုင်၅၂၀၀မျှ ရှည်လျားပြီး အိမ်နီးချင်းနိုင်ငံ ငါးနိုင်ငံနဲ့ နယ်နိမိတ် မိုင်ပေါင်း ၃၈၀၈မိုင် ဆက်စပ်နေပါတယ်။ ပင်လယ် သမုဒ္ဒရာတွေနဲ့ မြောက်ဘက် နတ်မြစ်ဝမှ တောင်ဘက် ဘုရင့်နောင်အငူအထိ ရေမိုင် ၁၃၈၅မိုင်ခန့် ဆက်စပ်လျက် ရှိပြီး ကမ်းရိုးတန်းနဲ့ကမ်းခြေတို့ကနေ သီးသန့်စီးပွားရေး ဇုန်အထိ ဧရိယာစတုရန်းမိုင်ပေါင်း ၁၄၀၀၀၀ကျော် ပိုင်ဆိုင်ထားကြောင်း သိထားရပါတယ်။

ကြီးကြီးမြ – ဟုတ်တယ်မောင်ကျော်ရေ။ အဲဒီလို နယ်နိမိတ်ရှည်လျားပြီး တောင်အာရှနဲ့ အရှေ့တောင်အာရှ ဒေသကြီးနှစ်ခုရဲ့ အလယ်ဗဟိုချက်မ ပထဝီနိုင်ငံရေး အချက်အချာကျတဲ့ ဒေသမှာ ဒို့နိုင်ငံတော်တည်ရှိနေတာကိုလဲ ကြီးကြီးတို့ နိုင်ငံသူ နိုင်ငံသားတွေအနေနဲ့ အခြေခံကျပြီး အရေးကြီးတဲ့ အချက် တစ်ချက်အဖြစ် နားလည် သဘောပေါက်ကြရမှာ ဖြစ်တယ်။ အစဉ်အမြဲသတိပြုပြီး ကာကွယ်စောင့်ရှောက် နိုင်ကြရမှာလဲ ဖြစ်တယ်ကွယ့်။

စိုးမြကျော် – မှန်ပါတယ်ကြီးကြီး။ **ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ နယ်နိမိတ်ဟာ ဘယ်တိုင်းတစ်ပါးထံကမှ ဖဲ့ယူပြီး ဖြစ်ပေါ်လာတဲ့ နယ်နိမိတ်မဟုတ်ဘူး။ ရှေးပဝေသဏီကတည်းက မြန်မာတိုင်းရင်းသား ဘိုးဘွားဘီဘင်တွေရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေပဲဖြစ်တယ်။ အမိမြေအစွန့်ရှည်ကြာစွာ တည်တံ့ ခိုင်မြဲစေဖို့ ခေတ်အဆက်ဆက်မှာ အသက်၊ သွေး၊ ချွေး ပေးဆပ်ခဲ့ပြီး စောင့်ကြပ်ကာကွယ်ခဲ့ကြရတယ်ဆိုတာကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး သိထားသင့်ကြပါတယ်။**

ဘကြီးစိုး – ဒါကြောင့်မို့ **နိုင်ငံတော်နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာတယ်ဆိုရင် နိုင်ငံတော်သမ္မတက ပြည်ထောင်စု လွှတ်တော်အကြီးအကဲထံသို့ နိုင်ငံတော်နယ်နိမိတ် ပြင်ဆင် သတ်မှတ်ရေးအတွက် ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူပေးပါရန် ရှေးဦးပထမ အကြောင်း ကြားရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထား တာပဲဖြစ်တယ်။**

စိုးမြကျော် – ဒါဟာ ၁၉၄၇ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေမှာ နိုင်ငံတော်ရဲ့ နယ်နိမိတ်ပြင်ဆင်ခြင်း၊ ပြည်နယ်တွေရဲ့ နယ်နိမိတ် ပြင်ဆင်ခြင်းတို့နဲ့ စပ်လျဉ်းလို့ တိတိကျကျ သတ်မှတ် ပြဋ္ဌာန်းထားမှုမရှိခဲ့တာကို သင်ခန်းစာယူပြီး စနစ်တကျနဲ့ မှန်မှန်ကန်ကန် ဆုံးဖြတ်ဆောင်ရွက်မှုပါပဲ ဘကြီး။

ကြီးကြီးမြ – အလားတူပဲ **"နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတစ်ဝန်းလုံးမှာ တည်သည်"**ဆိုသည့် ဒီမိုကရေစီအနှစ်အရသာကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ပေးထားတာလဲ ဖြစ်တယ်လေ။ နိုင်ငံတော်သမ္မတနဲ့ အစိုးရအဖွဲ့ရဲ့ သဘောတစ်ခုတည်းနဲ့ ဆုံးဖြတ်လုပ်ဆောင်လို့မရဘဲ နိုင်ငံသားအားလုံးကို မဏ္ဍိုင်ပြုထားတဲ့ ပြည်ထောင်စုလွှတ်တော်ကသာ ဆုံးဖြတ်ပိုင်ခွင့်ရှိကြောင်း သတ်မှတ်ထားတယ်လေ။

လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ သုံးဖွဲ့ အနက်မှ တစ်ဖွဲ့ ဖွဲ့ ရဲ့ ထက်ဝက်ကျော်ထောက်ခံ ဆန္ဒမဲ မရလို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူ ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ ထက်ဝက်ကျော်ထောက်ခံ ဆန္ဒမဲနဲ့ပဲ ဆုံးဖြတ်အတည်ပြုမယ်ဆိုရင် ဘယ်မှာတရားနည်းလမ်း ကျတော့မှာလဲ။ ဒါကြောင့်မို့ ကနဦးကထက် ပိုမိုများပြားတဲ့ ထောက်ခံဆန္ဒမဲရရှိမှသာ အတည်ပြု နိုင်ဖို့အတွက် ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံသုံးပုံနဲ့ အထက်က ထောက်ခံမှသာ အတည်ပြုနိုင်တယ်လို့ သတ်မှတ်ထားတာ ဖြစ်တယ်။ တစ်နည်းအားဖြင့် ဒါတွေဟာ အနာဂတ်နိုင်ငံတော်မှာ ကျင့်သုံးမယ့် ဥပဒေပြုမှု အနှစ်သာရတွေပဲကွယ့်။

ကျင်းပလျက်ရှိသော အမျိုးသားညီလာခံကြီးတွင် နိုင်ငံ
အခြေခံဥပဒေရေးဆွဲရေးအတွက် အခြေခံမူများနှင့် အသေ
ရမည့်မူများကို ညီလာခံကိုယ်စားလှယ်များက ညှိနှိုင်းဒေ
ပေးလျက်ရှိနေပါသည်။ အဆိုပါ အခြေခံမူများနှင့် အသေ
ရမည့်မူများကို လေ့လာကြည့်ရှုခြင်းအားဖြင့် အနာဂ
အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို ရှုမြင်ပုံဖော်လာနိုင်မ
ယင်းသို့ အနာဂတ်နိုင်ငံတော်၏ အသွင်သဏ္ဌာန်နှင့်
ရှုမြင်နိုင်ရေးအတွက် အမျိုးသားညီလာခံဆိုင်ရာဆောင်းပါ
ဖော်ပြသွားမည် ဖြစ်ပါသည်။

ဘကြီးစိုး – အဲဒီလို နိုင်ငံတော်နယ်နိမိတ်ပြင်ဆင်သတ်မှတ်ရေးအတွက် နိုင်ငံတော်သမ္မတဆီက အကြောင်းကြားစာ ရရှိတဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်အကြီးအကဲအနေနဲ့ လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ဆန္ဒကို ရယူရမှာဖြစ်တယ်။

စိုးမြကျော် – အသေးစိတ် သိပါရစေ ဘကြီး။

ဘကြီးစိုး – ပြည်ထောင်စုလွှတ်တော်မှာ အမျိုးသားလွှတ်တော်နဲ့ ပြည်သူ့လွှတ်တော်နှစ်ရပ်က လွှတ်တော်ကိုယ်စားလှယ်တွေ ပါဝင်နေတယ်မဟုတ်လား။ ဒါကြောင့်မို့ **နိုင်ငံတော် နယ်နိမိတ်ပြင်ဆင်ရေးကိစ္စမှာ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ထက်ဝက် ကျော် ထောက်ခံဆန္ဒမဲ ရရှိရမှာဖြစ်တယ်။ အဲဒီလိုရရှိရုံနဲ့ မပြီးသေးဘဲ အဲဒီ လွှတ်တော်နှစ်ရပ်မှာ ပါဝင်နေတဲ့ ပြင်ဆင်မယ့် နယ်နိမိတ်နဲ့ အကျုံးဝင်နေတဲ့ တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်မှလွှတ်တော်ကိုယ်စားလှယ် အားလုံးရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲရရှိဖို့လဲ လိုအပ်မှာ ဖြစ်တယ်။**

စိုးမြကျော် – ကျွန်တော် သဘောပေါက်သလို ဥပမာပေးပြီး တင်ပြပါရစေ။ ဥပမာ– ကချင်ပြည်နယ်နဲ့ အကျုံးဝင်နေတဲ့ နိုင်ငံတော်ရဲ့ နယ်နိမိတ်ကိုပြင်ဆင်ဖို့ လိုအပ်လာပြီ ဆိုပါစို့။ နိုင်ငံတော်သမ္မတက ပြည်ထောင်စုလွှတ်တော် အကြီးအကဲဆီကို စတင် အကြောင်းကြားရမယ်။ ပြည်ထောင်စု လွှတ်တော် အကြီးအကဲက ခုနက ဘကြီးရှင်းပြခဲ့သလို လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ဆန္ဒကို ရယူရမယ်။ အဲဒီလို ဆန္ဒရယူရာမှာပြည်ထောင်စုလွှတ်တော်မှာ ပါဝင်တဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ထက်ဝက် ကျော် ထောက်ခံဆန္ဒမဲ ရရှိရမယ်။ အလားတူပဲ ပြည်ထောင်စု လွှတ်တော်မှာပါဝင်တဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲ ကိုလဲ ရရှိရမယ်။ ဒါ့အပြင် ပြည်ထောင်စုလွှတ်တော်မှာ ပါဝင်နေတဲ့ ကချင်ပြည်နယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် တွေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲရရှိ ဖို့လဲ လိုအပ်တယ်။ အဲဒီလိုမဟုတ်လား ဘကြီး။

ဘကြီးစိုး – မှန်ပါတယ်ကွယ်။ အဲဒီအတိုင်းဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။

ကြီးကြီးမြ – **ဒီနေရာမှာ နိုင်ငံတော်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်တဲ့အခါမှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အသီးသီး တို့ရဲ့ ထက်ဝက်ကျော် ဆန္ဒမဲရရုံနဲ့တင် မလုံလောက်ဘဲ ပြင်ဆင်ရမယ့် နယ်နိမိတ်နဲ့ အကျုံးဝင်နေတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ်၊ ပြည်နယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံ ဆန္ဒမဲလဲရရှိမှ အတည်ပြုနိုင်တယ်လို့ အပြန်ပြန် အလှန်လှန်**

ထိန်းညှိထားတာ တွေ့

ဘကြီးစိုး – **ဒါဟာ အများစုရဲ့ဆန္ဒနဲ့ ဆန္ဒတစ်ထပ်တည်းကျ ဒီမိုကရေစီရဲ့ အနှစ်သာ**

စိုးမြကျော် – **မှန်ပါတယ်ဘကြီး၊ အ လိုက်နာရမယ်ဆိုတဲ့** မကျင့်သုံးဘဲ အများစုရဲ့ ဖြစ်အောင် ကဏ္ဍအလို ထားတာ တွေ့ရပါတ

ပြည်ထေ
ဦးရေရဲ့ လေး
သင့်ကြောင်း
တော်သမ္မတက
နယ်နိမိတ်ကို
ရမယ်လို့ အဒေ

ကြီးကြီးမြ – **ဒါတွေဟာ အနာဂတ်နိ သဏ္ဌာန်နဲ့ အနှစ်သာရ**

ဘကြီးစိုး – နိုင်ငံတော်ရဲ့နယ်နိမိတ် ခုနက ရှင်းပြသလို ထေ နိုင်ငံတော်နယ်နိမိတ်ကို ပေးဖို့ ပြည်ထောင်စုလွှတ သမ္မတဆီကို ပြန်လည်

စိုးမြကျော် – ကောင်းပါပြီ ဘကြီး။ အ တွေ မရရှိဘဲ အမျိုးသား ဖြစ်ဖြစ်၊ ပြည်သူ့လွှတ် ဖြစ်ဖြစ် ပြင်ဆင်မယ့်န ဒေသကြီး၊သို့မဟုတ်ပြည တွေကပဲဖြစ်ဖြစ် နယ် ကြောင်း ဆုံးဖြတ်ခဲ့ရင် ဘ

ဘကြီးစိုး – အဲဒီလို သဘောထားတ ပြည်ထောင်စုလွှတ်တော ရယူဆောင်ရွက်ရမယ်လ သတ်မှတ်ထားတယ်။ အ ကိုယ်စားလှယ်အားလုံးရဲ့

အပိုင်း(၅)

စိုးမြကျော်

ႏညီလာခံကြီးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ
ခြေခံမူများနှင့် အသေးစိတ် အခြေခံ
လှယ်များက ညှိနှိုင်းဆွေးနွေး ချမှတ်
ခြေခံမူများနှင့် အသေးစိတ် အခြေခံ
ုင်းအားဖြင့် အနာဂတ်နိုင်ငံတော်၏
ရှုမြင်ပုံဖော်လာနိုင်မည်ဖြစ်ပါသည်။
အသွင်သဏ္ဌာန်နှင့် အနှစ်သာရကို
လာခံဆိုင်ရာဆောင်းပါးများကို နေ့စဉ်

ထိန်းညှိထားတာ တွေ့ရလိမ့်မယ်။

ဘကြီးစိုး – **ဒါဟာ အများစုရဲ့ဆန္ဒနဲ့ သက်ဆိုင်သူ ကာယကံရှင်တွေရဲ့ ဆန္ဒတစ်ထပ်တည်းကျအောင် ဖော်ဆောင်ပေးထားတဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရပါပဲကွယ်။**

စိုးမြကျော် – **မှန်ပါတယ်ဘကြီး၊ အများစုရဲ့ ဆန္ဒကို အနည်းစုက လိုက်နာရမယ်ဆိုတဲ့ အယူအဆကို လှေနံဓားထစ် မကျင့်သုံးဘဲ အများစုရဲ့ဆန္ဒနဲ့ အနည်းစုရဲ့ဆန္ဒ သဟဇာတ ဖြစ်အောင် ကဏ္ဍအလိုက် အဖြစ်နိုင်ဆုံးဖော်ဆောင်ပေး ထားတာ တွေ့ရပါတယ်ခင်ဗျာ။**

ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေရဲ့ လေးပုံ သုံးပုံနဲ့အထက်က နယ်နိမိတ်ပြင်ဆင် သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးမယ်ဆိုရင်တော့ နိုင်ငံ တော်သမ္မတက တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးသွား ရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထားတယ်။

ကြီးကြီးမြ – **ဒါတွေဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေပါပဲကွယ်။**

ဘကြီးစိုး – နိုင်ငံတော်ရဲ့နယ်နိမိတ် ပြင်ဆင်ရေးနဲ့စပ်လျဉ်းပြီး ဘကြီး ခုနက ရှင်းပြသလို ထောက်ခံဆန္ဒမဲတွေရပြီ ဆိုရင်တော့ နိုင်ငံတော်နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင် သတ်မှတ်ပေးဖို့ ပြည်ထောင်စုလွှတ်တော် အကြီးအကဲက နိုင်ငံတော် သမ္မတဆီကို ပြန်လည် အကြောင်းကြားရမှာ ဖြစ်တယ်။

စိုးမြကျော် – ကောင်းပါပြီ ဘကြီး။ အခုရှင်းပြသလို ထောက်ခံ ဆန္ဒမဲတွေ မရရှိဘဲ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေကပဲ ဖြစ်ဖြစ်၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တွေကပဲ ဖြစ်ဖြစ် ပြင်ဆင်မယ့်နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ တိုင်းဒေသကြီး၊သို့မဟုတ်ပြည်နယ်မှ လွှတ်တော် ကိုယ်စားလှယ်တွေကပဲဖြစ်ဖြစ် နယ်နိမိတ်ပြင်ဆင်ဖို့ သဘောမတူကြောင်း ဆုံးဖြတ်ခဲ့ရင် ဘယ်လိုဆက်လုပ်ရမှာပါလဲခင်ဗျာ။

ဘကြီးစိုး – အဲဒီလို သဘောထားတညီတညွတ်တည်း ဖြစ်မနေရင်တော့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို အဓိက ရယူဆောင်ရွက်ရမယ်လို့ အသေးစိတ် အခြေခံရမယ့်မူမှာ သတ်မှတ်ထားတယ်။ အဲဒီမှာလဲ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံသုံးပုံနဲ့အထက် ထောက်ခံ ဆန္ဒမဲရရှိဖို့ လိုအပ်တယ်။ အဲဒီထောက်ခံဆန္ဒမဲ ရရှိမှသာ နိုင်ငံတော်ရဲ့နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ် ပေးဖို့ ပြည်ထောင်စုလွှတ်တော်အကြီးအကဲက နိုင်ငံတော် သမ္မတဆီကို အကြောင်းကြားရမှာ ဖြစ်တယ်။

ကြီးကြီးမြ – ဒီနေရာမှာလဲ ဒီမိုကရေစီရဲ့ အနှစ်သာရကို အပြည့်အဝ ဖော်ဆောင်ပေးထားတယ်ဆိုတာ တွေ့နိုင်ပါတယ်။

စိုးမြကျော် – မှန်ပါတယ် ကြီးကြီး။ **ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံသုံးပုံနဲ့အထက် ထောက်ခံဆန္ဒမဲ ပေးမှသာလို့** သတ်မှတ်ထားတာဟာ **ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲပေးမှသာ**ဆိုတာနဲ့ မတူဘူးဆိုတာ တွေ့နိုင်ပါတယ်။

ဘကြီးစိုး – ခုနက ဘကြီးရှင်းပြတဲ့ **လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ သုံးဖွဲ့အနက်မှ တစ်ဖွဲ့ဖွဲ့ရဲ့ ထက်ဝက်ကျော်ထောက်ခံဆန္ဒမဲ မရလို့ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောထားကို ရယူ ဆောင်ရွက်တဲ့နေရာမှာ ပြည်ထောင်စုလွှတ်တော်ရဲ့ ထက်ဝက်ကျော်ထောက်ခံ ဆန္ဒမဲနဲ့ပဲ ဆုံးဖြတ်အတည်ပြု မယ်ဆိုရင် ဘယ်မှာ တရားနည်းလမ်းကျတော့မှာလဲ။ ဒါကြောင့်မို့ ကနဦးကထက် ပိုမိုများပြားတဲ့ ထောက်ခံ ဆန္ဒမဲရရှိမှသာ အတည်ပြုနိုင်ဖို့အတွက် ပြည်ထောင်စု လွှတ်တော် ကိုယ်စားလှယ်အားလုံးရဲ့ လေးပုံသုံးပုံနဲ့ အထက်က ထောက်ခံမှသာ အတည်ပြုနိုင်တယ်လို့ သတ်မှတ်ထားတာ ဖြစ်တယ်။ တစ်နည်းအားဖြင့် ဒါတွေဟာ အနာဂတ်နိုင်ငံတော်မှာ ကျင့်သုံးမယ့် ဥပဒေ ပြုမှု အနှစ်သာရတွေပဲကွယ့်။**

စိုးမြကျော် – နိုင်ငံတော်ရဲ့ နယ်နိမိတ်ပြင်ဆင်ခြင်းနဲ့စပ်လျဉ်းပြီး ခိုင်ခိုင် မာမာ တိတိကျကျနဲ့ စနစ်တကျဖြစ်အောင် ဖော်ဆောင် ပေးထားကြောင်း သိရပါပြီ ဘကြီး။ အလားတူပဲ တိုင်း ဒေသကြီး၊ ဒါမှမဟုတ် ပြည်နယ်တစ်ခုခုရဲ့ နယ်နိမိတ် ပြင်ဆင်သတ်မှတ်ဖို့ လိုအပ်လာရင်ကော ဘယ်လို ဆောင်ရွက်သွားမယ်ဆိုတာ သိပါရစေ။

ဘကြီးစိုး – **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုရဲ့ နယ်နိမိတ် ပြင်ဆင်ဖို့ လိုအပ်လာရင် အဲဒီပြင်ဆင်မယ့်နယ်နိမိတ်နဲ့ အကျုံးဝင်သော မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့် ရှိသူတွေရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူရမယ်လို့ သတ်မှတ်ထားတယ်။**

ကြီးကြီးမြ – **ဟုတ်တယ်ကွယ့်။ အဲဒီလို ဆန္ဒသဘောထားရယူတဲ့အခါမှာ အဲဒီမြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရရင် (မရရင်) အဲဒီနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်း ကိစ္စကို လုံးဝ(လုံးဝ) ဆက်လက် မဆောင်ရွက်ရဘူးလို့တောင် အသေးစိတ် အခြေခံရမယ့်မူမှာ သတ်မှတ်ပေးထားတာ ဖြစ်တယ်။**

စိုးမြကျော် – ဒေသခံတိုင်းရင်းသားပြည်သူတွေရဲ့ လက်တွေ့ဘဝနဲ့ ဆန္ဒကို အလေးထားဖော်ဆောင်ပေးထားတဲ့ ဒီမိုကရေစီ အနှစ်သာရတွေပဲ ကြီးကြီး။ တကယ်လို့များ အဲဒီအကျုံး ဝင်နေတဲ့ မြို့နယ်ရှိ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ ထက်ဝက်ကျော်က နယ်နိမိတ် ပြင်ဆင်သင့်ပါတယ်လို့ ထောက်ခံဆန္ဒမဲပေးလာတယ်ဆိုရင်ကော ဘယ်လိုဆက် လုပ်မလဲ ဘကြီး။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုခုရဲ့ နယ်နိမိတ် ပြင်ဆင်ဖို့ လိုအပ်လာရင် အဲဒီပြင်ဆင်မယ့်နယ်နိမိတ်နဲ့ အကျုံးဝင် သော မြို့နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသူတွေရဲ့ ဆန္ဒသဘောထားကို ဦးစွာပထမ ရယူရမယ်လို့ သတ်မှတ်ထား တယ်။

အဲဒီလို ဆန္ဒသဘောထားရယူတဲ့အခါမှာ အဲဒီမြို့နယ် အတွင်းမှာ နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲမရရင် (မရရင်) အဲဒီနယ်နိမိတ် ပြင်ဆင်သတ်မှတ်ခြင်းကိစ္စကို လုံးဝ(လုံးဝ) ဆက်လက် မဆောင်ရွက် ရဘူးလို့တောင် အသေးစိတ် အခြေခံရမယ့်မူမှာ သတ်မှတ်ပေး ထားတာ ဖြစ်တယ်။

ဘကြီးစိုး – အဲဒီလို ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအများစုက ထောက်ခံဆန္ဒမဲ ပေးရုံနဲ့ အတည်ပြုနိုင်ဦးမှာ မဟုတ်သေးဘူး။ အဲဒီ ပြင်ဆင်မယ့် နယ်နိမိတ်နဲ့ အကျုံးဝင်တဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ ဆန္ဒကို ဆက်လက်ရယူရဦးမှာဖြစ်တယ်။

စိုးမြကျော် – ဒီလိုသတ်မှတ်တာဟာလဲ တရားနည်းလမ်းကျကြောင်း တွေ့ရပါတယ်။ မြို့နယ်တွေ စုပေါင်းမှ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေဖြစ်လာတာမို့ မြို့နယ်တွေရဲ့ သီးခြားအရေး ကိစ္စတွေမှာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တွေရဲ့ စုပေါင်းသဘောထားကို ရယူတာဟာ သဘာဝကျသလို တရားနည်းလမ်းလဲကျပါတယ်။

ဘကြီးစိုး – အဲဒီလို **တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ် လွှတ်တော် ကိုယ်စားလှယ်တွေရဲ့ ဆန္ဒကို ရယူရာမှာလဲ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်စုစုပေါင်းရဲ့ လေးပုံ သုံးပုံနဲ့အထက် ထောက်ခံဆန္ဒမဲ ရရှိဖို့လိုအပ်မှာ ဖြစ်တယ်။ အဲဒီလိုရရှိမှသာ ပြည်ထောင်စုလွှတ်တော်ရဲ့ သဘောတူညီချက်ကိုရယူပြီး နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို ပြင်ဆင်သတ်မှတ်ပေးသွားနိုင်မှာ ဖြစ်တယ်။**

စိုးမြကျော် – တကယ်လို့များ သက်ဆိုင်ရာတိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်က နယ်နိမိတ်ပြင်ဆင်ဖို့ သဘောမတူကြောင်းဆုံးဖြတ်ခဲ့ရင် ဘယ်လိုဆက်လုပ်သွားမှာလဲ ဘကြီး။

ဘကြီးစိုး – အဲဒီအခါကျရင် နိုင်ငံတော်ရဲ့ အမြင့်ဆုံးဥပဒေပြုအဖွဲ့ဖြစ်တဲ့ ပြည်ထောင်စုလွှတ်တော်ရဲ့ အဆုံးအဖြတ်ကို ရယူသွားရမှာဖြစ်တယ်။ **ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း ဦးရေရဲ့ လေးပုံ သုံးပုံနဲ့အထက်က နယ်နိမိတ် ပြင်ဆင်သင့်ကြောင်း ထောက်ခံဆန္ဒမဲပေးမယ် ဆိုရင်တော့ နိုင်ငံတော်သမ္မတက တိုင်းဒေသကြီး၊ သို့မဟုတ် ပြည်နယ်ရဲ့ နယ်နိမိတ်ကို လိုအပ်သလို ပြင်ဆင်သတ်မှတ်ပေးသွားရမယ်လို့ အသေးစိတ်အခြေခံရမယ့်မူ ချမှတ်ထားတယ်။**

စိုးမြကျော် – တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တစ်ခုရဲ့ နယ်နိမိတ် ပြင်ဆင်ခြင်းနှင့် စပ်လျဉ်းပြီး ချမှတ်ထားတဲ့ အသေးစိတ် အခြေခံရမယ့်မူတွေကို သိရပါပြီ ဘကြီး။ အောက်ခြေအဆင့်ဖြစ်တဲ့ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ဒါမှမဟုတ် ခရိုင်တွေရဲ့ နယ်နိမိတ် ပြင်ဆင်မှုနဲ့ ပတ်သက်ပြီး သတ်မှတ်ထားတဲ့အချက်တွေလည်း ရှိမှာပဲနော်။

ဘကြီးစိုး – ရှိတယ်မောင်ကျော်။ တိုင်းဒေသကြီး၊ ပြည်နယ်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စု၊ ရပ်ကွက်၊ မြို့၊ မြို့နယ်၊ ဒါမှမဟုတ် ခရိုင်တွေရဲ့ နယ်နိမိတ်ပြင်ဆင်ဖို့၊ ဖွဲ့စည်းဖို့၊ **အမည်ပြောင်းလဲဖို့** ကိစ္စတွေ ပေါ်ပေါက်လာရင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အုပ်ချုပ်ရေး အာဏာပိုင်က နိုင်ငံတော်သမ္မတထံ ထောက်ခံတင်ပြရမယ်။ အဲဒီအခါမှာ နိုင်ငံတော်သမ္မတက လိုအပ်သလို ဆောင်ရွက်ပေးသွားမှာ ဖြစ်တယ်။

စိုးမြကျော် – ဒီနေရာမှာ **အမည်ပြောင်းလဲဖို့**ဆိုတဲ့ စကားပါလာလို့ တစ်ခုလောက်မေးပါရစေ။ အဲဒါကတော့ တိုင်းဒေသကြီး တစ်ခုခုရဲ့ အမည်ကိုဖြစ်စေ၊ ပြည်နယ်တစ်နယ်နယ်ရဲ့ အမည်ကိုဖြစ်စေ ပြောင်းလဲသတ်မှတ်ချင်တယ်ဆိုရင် ဘယ်လိုဆောင်ရွက်ရမယ်လို့ ချမှတ်ထားပါသလဲ ဘကြီး။

ဘကြီးစိုး – အဲဒီလို **အမည်ပြောင်းလဲ သတ်မှတ်ချင်ရင်တော့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်းမှာ နေထိုင်ကြတဲ့ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ နိုင်ငံသားတွေရဲ့ ဆန္ဒကိုရယူပြီး ဥပဒေပြဋ္ဌာန်းခြင်းဖြင့် ပြောင်းလဲသတ်မှတ်မယ်လို့ အသေးစိတ် အခြေခံရမယ့်မူ ချမှတ်ထားပါတယ်။**

စိုးမြကျော် – ဒါဆိုရင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုခုရဲ့အမည်ကို ပြောင်းလဲသတ်မှတ်ရာမှာလည်း ဘကြီးအခုရှင်းပြတဲ့ နည်းလမ်းအတိုင်းပဲ ဆောင်ရွက်သွားရမယ် ထင်ပါတယ်။

ဘကြီးစိုး – အဲ့ဒီနည်းလမ်းအတိုင်းပဲ ဆောင်ရွက်သွားရမှာ ဖြစ်ပါတယ်။

ကြီးကြီးမြ – **ပါလီမန်ဒီမိုကရေစီခေတ်တုန်းက ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရဲ့ အားနည်းချက်ကြောင့် ပေါ်ပေါက်ခံစားခဲ့ရတဲ့ ခါးသီးတဲ့ အတွေ့အကြုံမျိုးတွေ အနာဂတ်နိုင်ငံတော်မှာ ထပ်မံဖြစ်ပေါ် ခံစားရခြင်းမရှိအောင် အားနည်းချက် ချို့ယွင်းချက်မရှိအောင်၊ အမျှတဆုံးနဲ့ အကောင်းဆုံး ဖြစ်အောင် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးတွေက အတွေးအခေါ် အမြော်အမြင် ကြီးကြီးမားမားနဲ့ စဉ်းစားသုံးသပ်ညှိနှိုင်းဆုံးဖြတ်နေကြတာဖြစ်လို့ နောင်ရေးအတွက် စိတ်အေးရပြီ လို့တောင် ပြောလိုက်ချင်ပါတယ်ကွယ်။**

စိုးမြကျော် – အနာဂတ်နိုင်ငံတော်ဟာ စစ်မှန်သောပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးတဲ့ နိုင်ငံတော်အဖြစ် ကျွန်တော်တို့အားလုံးရဲ့ မြင်ကွင်းအာရုံမှာ ပုံပေါ်နေပါပြီခင်ဗျာ။ ။

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် သဘာပတိ ဦးကိုးရယ် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

✡ *ကျောဖုံးမှ*

လူထုအစည်းအဝေးသို့ လွိုင်ကော်မြို့နယ်၊ ဒီမောဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်၊ ဘောလခဲမြို့နယ်၊ ဖာဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် ရှားတောမြို့နယ်တို့မှ မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ သူနာပြုများ၊ ဆရာ ဆရာမများ၊ လူမှုရေး အသင်းအဖွဲ့အသီးသီးတို့မှ ကိုယ်စားလှယ်များနှင့် လွိုင်ကော်မြို့ပေါ်ရှိ ရပ်ကွက်များမှ ပြည်သူအင်အား ၁၂၀၀၀ ကျော်တို့က လွိုင်ကော်၊ ဒီမောဆို၊ ဖရူဆိုနှင့် ရှားတောအမည်ရှိ စစ်ကြောင်း လေးကြောင်းဖြင့် စုရပ်အသီးသီးမှ စစ်ကြောင်းမှူးများ ဦးဆောင်၍ ဘင်ခရာနှင့် ပန်းဖွားအက အဖွဲ့ဝင်များနှင့်

ကယားပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အရာခံဗိုလ် ခင်မောင်ရီ(အငြိမ်းစား) အမျိုးသားညီလာခံ အား ကြိုဆိုထောက်ခံကြောင်း အဆိုကို ဖတ်ကြား တင်သွင်းစဉ်။
(သတင်းစဉ်)

အတူ ချီတက်၍ ကန္တာဟေဝန်ကျောက်သားရင်ပြင်သို့ ဝင်ရောက်နေရာယူကြသည်။

လူထုအစည်းအဝေးတွင် သဘာပတိအဖြစ် တရားရုံးချုပ်ရှေ့နေ ဦးကိုးရယ်ကဆောင်ရွက်ပြီး သဘာပတိအဖွဲ့ဝင်များအဖြစ် ကရင်နီ လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး ငြိမ်းချမ်းရေးအဖွဲ့မှ ဒုတိယဥက္ကဋ္ဌ ဦးထွန်းကျော်၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေး ငြိမ်းချမ်းရေးအဖွဲ့မှ အတွင်းရေးမှူး ဦးမူးဒိ၊ မြို့မိမြို့ဖများဖြစ်ကြသော ဦးသန်းမောင်၊ ဦးပီမောင်စိုး၊ ဦးခွန်အောင်ခွန်နှင့် ဦးလှမျိုးဆွေတို့က ဆောင်ရွက်ကြသည်။

အခမ်းအနားမှူးအဖြစ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မြစန္ဒာအောင်က ဆောင်ရွက်သည်။

အစီအစဉ်အရ အခမ်းအနားမှူးက အခမ်းအနားစတင်ကြောင်း ကြေညာပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများက နိုင်ငံတော်အလံကို အလေးပြုကြသည်။

ထို့နောက် သဘာပတိ ဦးကိုးရယ်က အဖွင့်အမှာစကားပြောကြားရာတွင် တစ်မျိုးသားလုံးအတွက် အသက်သွေးကြောပမာအရေးကြီးသည့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အခြေခံဖြစ်သော အမျိုးသားညီလာခံကြီးကို ဒီဇင်ဘာ ၅ ရက်တွင် ပြန်လည်ကျင်းပလျက်ရှိကြောင်း။

ပြည့်စုံစွာပုံဖော်ဆောင်ရွက်

ဤအမျိုးသားညီလာခံကြီးကနေ အနာဂတ်ဖြစ်ပေါ်လာမည့် တည်ငြိမ်အေးချမ်းပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော စစ်မှန်သည့် ဒီမိုကရေစီ နိုင်ငံတော်သစ် ပေါ်ပေါက်ရေးအတွက် လိုအပ်သော အခြေခံကောင်းများကို ပြည့်စုံစွာ ပုံဖော်ဆောင်ရွက်လျက်ရှိကြောင်း။

တပ်မတော်အစိုးရသည် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်တစ်ရပ်ဖြစ်ပေါ်ရေးအတွက် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုသည့် ဒို့တာဝန်သုံးရပ်ကို မူဝါဒအဖြစ် ချမှတ်ပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ ဦးတည်ချက်(၁၂)ရပ်ကို ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်ရာတွင် နိုင်ငံတစ်ဝန်းလုံး ကွက်လပ်မကျန် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း၊ ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရေးမှာ အခြေခံလိုအပ်ချက်များဖြစ်သည့် တည်ငြိမ်အေးချမ်းမှု၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေး အတွက်လည်း ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော်ပျိုးဥယျာဉ်

နိုင်ငံတော်အစိုးရသည် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် နိုင်ငံတော်ကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံကနေ မည်သည့်ခေတ်ကာလများနှင့်မတူ နေ့မအား ညမနား ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည်မှာ အားလုံး အသိပင်ဖြစ်ပါကြောင်း။

ထိုသို့ဆောင်ရွက်ပေးခြင်းသည် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ်ထူထောင်ရာတွင် ယခုကဲ့သို့ အခြေခံအဆောက်အအုံများ ပြောင်းလဲတိုးတက်မှသာ အပေါ်ထပ်အဆောက်အအုံဖြစ်သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ဒီမိုကရေစီရေးတွေပါ လိုက်ပါတိုးတက်ပြောင်းလဲလာမှာဖြစ်ပါကြောင်း။

ထို့အပြင် ပြည်တွင်းအားသည် ပြည်တွင်းမှာသာရှိသည်ဟူသော ခံယူချက်ဖြင့် မိမိတို့နိုင်ငံအတွင်း အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ခဲ့ခြင်းကြောင့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၇ဖွဲ့သည် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ပြီ ဖြစ်ကြောင်း။

အလေးထားဆောင်ရွက်

တစ်ဖက်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ပြည်သူများ လိုလားတောင့်တသည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်နိုင်ရန် နိုင်ငံရေးဦးတည်ချက်တစ်ရပ်ဖြစ်သော ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ဖြစ်ပေါ်ရေးအတွက် အတိတ်ကာလဖြစ်စဉ်များကို သင်ခန်းစာယူ၊ မျက်မှောက်ကာလနိုင်ငံတကာဖြစ်ပေါ်တိုးတက်မှုများကို လေ့လာသုံးသပ်၊ အနာဂတ်နိုင်ငံတော်အတွက် မိမိနိုင်ငံ၏ရေမြေသဘာဝ တိုင်းရင်းသားလူမျိုးများ၏ ဖြစ်တည်မှု၊ ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအခြေအနေများနှင့် ကိုက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ အတိတ်ကာလဖြစ်စဉ်များကိုပြန်ကြည့်မည်ဆိုလျှင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှစ်ရပ်ကို ရေးဆွဲဆောင်ရွက်ခဲ့ကြပါကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေများ၏ ပျော့ကွက်၊ ဟာကွက်များအပေါ် လူမျိုးရေး၊ ဘာသာရေး၊ ဝါဒရေး စသည်ဖြင့် တစ်ယူသန် ပြင်းထန်သူတွေ၏ အခွင့်အရေး ရယူလုပ်ရှားမှုများကြောင့် ပြည်ထောင်စုကြီးပြိုကွဲပြီး နိုင်ငံတော်၏လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာကို ပြိုကွဲလောက်သည်အထိ တိုင်းပြည်ချောက်ကမ်းပါးသို့ကျရောက်မည့်အန္တရာယ်နှင့် ကြုံတွေ့ခဲ့ရပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်ဥပဒေ

ကယားပြည်နယ် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ်အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

များ၏ ဦးသျှောင်အချုပ်ပဲဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတစ်ခု၏ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးအာဏာသုံးရပ်ကို သက်ဆိုင်ရာနိုင်ငံ၏သမိုင်းဖြစ်စဉ်၊ နိုင်ငံသားတို့၏လူမျိုးရေး၊ ဘာသာရေး၊ ဓလေ့ထုံးတမ်းနှင့် ကိုက်ညီမည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ကိုရေးဆွဲပြီး နိုင်ငံတော်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ကြရမှာဖြစ်ကြောင်း။

၂၀၀၃ ခုနှစ် ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြည်သူများလိုလားတောင့်တနေသည့် ဒီမိုကရေစီစနစ်ကူးပြောင်းရန် နိုင်ငံတော်ရှေ့ဆက်သွားမည့်မူဝါဒလမ်းစဉ်(၇)ရပ်ကို ခိုင်မာစွာချမှတ်ခဲ့ပြီးဖြစ်ပါကြောင်း။

ဗဟိုချက်မဖြစ်

မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆင့်နှင့် အခြေခံအုတ်မြစ်ဖြစ်သည့် အမျိုးသားညီလာခံကို ညီလာခံကိုယ်စားလှယ်ပေါင်း ၁၀၈၀ က တက်ရောက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြဋ္ဌာန်းရေးအတွက် အခြေခံမူများနှင့် အသေးစိတ် အခြေခံရမည့်မူများကို အကျေအလည် ညှိနှိုင်းဆွေးနွေးလျက်ရှိကြသည်ကို သတင်းမီဒီယာများမှ တွေ့ရှိလေ့လာနိုင်ကြမှာဖြစ်ကြောင်း၊ အမျိုးသားညီလာခံကြီးသည် တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ နိုင်ငံရေးပါတီပေါင်းစုံတို့အပြင် ဥပဒေဘောင်အတွင်းဝင်ရောက်ခဲ့သည့် ငြိမ်းချမ်းရေးအဖွဲ့အစည်း၁၇ဖွဲ့မှ ကိုယ်စားလှယ်များအပါအဝင် နိုင်ငံတော်၏ အနာဂတ်ကံကြမ္မာကို ဖော်ဆောင်ရန် တွေ့ဆုံဆွေးနွေး ညှိနှိုင်းအဖြေရှာလျက်ရှိသည့် အမျိုးသားနိုင်ငံရေး အလှည့်အပြောင်း ဗဟိုချက်မလည်းဖြစ်ပါကြောင်း၊ ဤညီလာခံကြီးတွင် နိုင်ငံနှင့်လူမျိုးကိုချစ်မြတ်နိုးသည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကြသည့်ကိုယ်စားလှယ်များက အမျိုးသားနိုင်ငံရေးတာဝန်ကြီးကို ဖော်ဆောင်လျက်ရှိနေကြပါကြောင်း။

အမျိုးသားညီလာခံကြီးမှာ အစုအဖွဲ့ရှစ်ဖွဲ့ ပါဝင်ပြီး ဦးတည်ချက်ခြောက်ရပ်၊ အခြေခံရမည့်မူ(၁၀၄)ချက်ချမှတ်ပြီး ဆွေးနွေးညှိနှိုင်းကာ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း။

မွမ်းထုံသင်းပျံ့လာ

အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပပြီးစီးမှသာ အခြေခံဥပဒေရေးဆွဲရေး အောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ အခြေခံဥပဒေဖြစ်ပေါ်မှသာလျှင် ဒို့တာဝန်အရေးသုံးပါးကို ဖော်ဆောင်နိုင်မည့် တိုင်းရင်းသားများ၏ ဆန္ဒနှင့်ညီသော ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်များကို ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း၊ ဤသို့ ဖြည့်ဆည်းပေးနိုင်မှသာ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တရားမျှတခြင်းတည်းဟူသော လောကပါလတရားများ ပြည်ထောင်စုတစ်ဝန်းလုံး မွမ်းထုံသင်းပျံ့လာမှာဖြစ်ကြောင်း။

မိမိတို့ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး လိုလား တောင့်တလျက်ရှိသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝပြီး စစ်မှန်သော ဒီမိုကရေစီ နိုင်ငံတော် ဖော်ဆောင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အခြေခံဖြစ်သော အမျိုးသားညီလာခံအောင်မြင်စွာ ကျင်းပနိုင်ရေးသည် တစ်မျိုးသားလုံး၏ အမျိုးသားနိုင်ငံရေးလုပ်ငန်းစဉ်ပင် ဖြစ်ကြောင်း။

ထို့ကြောင့် မိမိတို့ပြည်သူတစ်ရပ်လုံးအတွက် အသက်မက အရေးကြီးလှသည့် အမျိုးသားညီလာခံကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် မည်သို့သော ပြည်တွင်းပြည်ပအဖျက်သမားများ၏ ဖိအားပေးမှုများ၊ ခြိမ်းခြောက်မှုများကိုမဆို တက်ရောက်လာကြသော ကယားပြည်နယ်သူတစ်ရပ်လုံးနှင့် လက်တွဲကာ ကြံ့ကြံ့ခိုင် ရင်ဆိုင်ကျော်လွှားကြပါစို့ဟု တိုက်တွန်းပြောကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသွားသည်။

ဆက်လက်၍ ကယားပြည်နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် အရာခံဗိုလ် ခင်မောင်ရီ(အငြိမ်းစား)က အမျိုးသားညီလာခံ ကြိုဆိုထောက်ခံကြောင်းအဆိုကို တင်သွင်းရာတွင် မိမိအနေဖြင့် ယနေ့ရန်ကုန်မြို့တွင် ပြန်လည်ကျင်းပနေသည့် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်းအဆိုကို တင်သွင်းသွားမည် ဖြစ်ပါကြောင်း။

အင်အားဖြင့်ကျော်လွှား

ဦးစွာ ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် စစ်မှန်ပြည့်စုံသော အမျိုးသားညီလာခံတစ်ရပ်ဖြစ်ပြီး ရေရှည်တည်တံ့မည့် အမျိုးသား အကျိုးစီးပွားအတွက် မရှိမဖြစ်အသက်သွေးကြောတစ်ခုဖြစ်သော ခိုင်မာသည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ရေးဆွဲရေးအတွက် မလွဲမသွေလိုအပ်ကြောင်း တင်ပြအပ်ပါကြောင်း၊ အကြောင်းကတော့ ယခုကဲ့သို့ အမျိုးသားညီလာခံကျင်းပရန် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေးအတွက် လိုအပ်သည့် အခြေခံရမည့် အခြေခံမူ(၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူတချို့ကို ညီလာခံ ကိုယ်စားလှယ် အစုအဖွဲ့ပေါင်း ရှစ်ခုတို့မှ ကိုယ်စားလှယ် ၁၀၈၀ တို့က တိုင်းရင်းသားပြည်သူများ၏ လိုလားချက်နှင့် အကျိုးစီးပွားကို ရှေးရှုပြီး တညီတညွတ်တည်း ချမှတ် အတည်ပြုနိုင်ခဲ့ပါကြောင်း၊ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ ထောက်ခံအားပေးမှုဖြင့် ဆောင်ရွက်လျက်ရှိသည့် အမျိုးသားညီလာခံကျင်းပနေမှုကို အဟန့်အတားဖြစ်အောင် အမျိုးမျိုးသော ပယောဂများရှိနေသော်လည်း တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ အင်အားဖြင့် ကျော်လွှားသွားအောင် ကြိုးပမ်းသွားကြရမှာဖြစ်ပါကြောင်း။

ယခု ကျင်းပနေသည့် အမျိုးသားညီလာခံတွင် နိုင်ငံရေးပါတီများ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသား

ကယားပြည်နယ် အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်မြင့်သန်းဦး အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့် အဆိုကို ထောက်ခံ ဆွေးနွေးတင်ပြစဉ်။
(သတင်းစဉ်)

လူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအားလုံး၊ ဖိတ်ကြားထားသူ ကိုယ်စားလှယ် ၉၉ ဒသမ ၄၄ ရာခိုင်နှုန်း တက်ရောက်နေသည်ကို တွေ့ရမှာဖြစ်ကြောင်း၊ အလားတူ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေများ၏ အားနည်းချက်များကြောင့် ၁၉၆၂ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၈ ခုနှစ်တွင် တစ်ကြိမ် တိုင်းပြည်အဘက်ဘက်က ယိုယွင်းအားနည်းခဲ့သဖြင့် တပ်မတော်က မလွှဲမရှောင်သာဘဲ နိုင်ငံတော်တာဝန်များကို ယူခဲ့ရသည့် သာဓကများရှိခဲ့ကြောင်း၊ နိုင်ငံတစ်ခုအနေဖြင့် ယင်းသို့ ဖွဲ့စည်းပုံအခြေခံဥပဒေ အားနည်းချက်ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံ ဆက်လက်ချွတ်ခြုံကျကာ ထပ်မံပြိုကွဲရမည့်အဖြစ်မျိုး မကြုံရအောင် လက်ရှိနိုင်ငံတကာအခြေအနေ၊ မိမိတို့၏ ပြည်တွင်းအခြေအနေအရပ်ရပ်နှင့် လိုက်လျောညီထွေဖြစ်မည့် ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် မလွဲမသွေလိုအပ်လာပါကြောင်း၊ ထို့ကြောင့် ယခုကျင်းပနေသည့် အမျိုးသားညီလာခံသည် အမျိုးသားအကျိုးစီးပွားအတွက် မရှိမဖြစ် လိုအပ်ကြောင်း အဆိုပြု တင်သွင်းရခြင်း ဖြစ်ပါကြောင်း။

စာမျက်နှာ ၁၁ ကော်လံ ၁

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးခိုင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လွိုင်ကော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဒေါ်မြစန္ဒာအောင်တို့ ဆောင်ရွက်ကြစဉ်။
(သတင်းစဉ်)

အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးရေး တစ်မျိုးသားလုံးနှင့် အကျိုးဝင်သော မွန်မြတ်သည့်ပန်းတိုင်ဖြစ်

စာမျက်နှာ ၁၀ မှ

အမျိုးသားညီလာခံကြီး စတင်စည်းရုံးဖွဲ့စည်းစဉ် ညီလာခံကိုယ်စားလှယ်ကြီးများအစုအဖွဲ့အလိုက် သတ်မှတ်ဖိတ်ကြားထားချိန်မှ စတင်၍ အခုအချိန်အထိ လုပ်ငန်းစဉ်တိုင်းကို အများသဘောဆန္ဒနှင့်အညီ ဒီမိုကရေစီနည်းလမ်းဖြင့် စနစ်တကျ ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ ညီလာခံဦးတည်ချက် ခြောက်ရပ်ကိုလည်း အဓိပ္ပာယ်ရှိရှိနှင့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်ကပဲ နိုင်ငံတာဝန်ယူယူ အခြေခံမူများကို ပြင်စရာမလိုဘဲ နိုင်ငံကို အရှိန်အဟုန်မပျက် ဦးဆောင်နိုင်မည့် အခြေခံဥပဒေပေါ်ပေါက်ရေးကိုရည်ရွယ်ပြီး အများဆန္ဒနှင့်အညီ ချမှတ်နိုင်ခဲ့ပါကြောင်း၊ ဦးတည်ချက်တစ်ချက်ချင်းသည် မရှိမဖြစ်လိုအပ်ပါကြောင်း၊ အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေးတွင် ဦးဆောင်မည့် အဖွဲ့အစည်းရော၊ ပြည်သူများပါ အလေ့အကျင့်နည်းသေးခြင်းကြောင့် ချောမွေ့စွာ ကူးပြောင်းနိုင်ရန် သမိုင်းအစဉ်အလာအရ အမျိုးသားနိုင်ငံရေးအင်အားစုကြီးအဖြစ် ခိုင်မာစွာရပ်တည်ခဲ့သည့် တပ်မတော်၏ နိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍသည် မလွဲမသွေ လိုအပ်ကြောင်း တင်ပြလိုပါကြောင်း၊ ယနေ့အထိ အမျိုးသားညီလာခံ၏ ညှိနှိုင်းဆုံးဖြတ်နိုင်ခဲ့သည့် အခြေခံမူ (၁၀၄)ချက်နှင့် အသေးစိတ်အခြေခံရမည့်မူများသည်လည်း ယခင်အခြေခံဥပဒေများထက် ပိုမိုပြည့်စုံပြီး တိုင်းရင်းသားလူမျိုးစုငယ်များ အတွက်ပါ စီရင်စုများ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသတွေ သတ်မှတ်ပေးကာ သင့်လျော်သလို အာဏာခွဲဝေပေးနိုင်ရေး အသေးစိတ်စေတနာပါပါ ဒီမိုကရေစီကျကျ ဆောင်ရွက်ပေးနေကြောင်း တွေ့မြင်ရမှာဖြစ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီး၏ ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေး အတွက် ဦးတည်ချက် ခြောက်ရပ်နှင့်အညီ ဒီမိုကရေစီကျကျ ဆောင်ရွက်နေမှုများကို ကြိုဆိုထောက်ခံကြောင်း အဆိုပြုပါကြောင်း။

လှိုင်ကော် မြို့နယ် မိခင် နှင့် ကလေး စောင့်ရှောက် ရေး အသင်း အ လုပ် အ မှု ဆောင် ဒေါ် အေးအေးမှ အမျိုးသားညီလာ ခံအား ကြိုဆို ထောက် ခံ ခြင်း နှင့် စပ်လျဉ်း သည့် အဆိုကို ထောက်ခံ ဆွေး နွေးတင်ပြစဉ်။ (သတင်းစဉ်)

ဆက်လက်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတစ်ခုအတွက် အရေးကြီးပြီး ဤသို့ အရေးကြီးသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးအတွက် အမျိုးသားညီလာခံကြီး အောင်မြင်စွာပြီးစီးရေးမှာ ပြည်ထောင်စုဘွား တိုင်းရင်းသား ညီအစ်ကို မောင်နှမများအတွက် အသက်တမျှ အရေးကြီးလှပါကြောင်း။

အထူးပင်အရေးကြီး

ဖြစ်ပေါ်လာမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကြီးသည် အနာဂတ် ဒီမိုကရေစီနိုင်ငံသစ်အတွက် အဆင့်ဆင့်ဖော်ဆောင်ရာတွင် အချောမွေ့ဆုံးနှင့် အတည်တံ့ အခိုင်အမာဆုံး ဖြစ်တည်နေရန်လိုအပ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံသားတိုင်း၊ လူမျိုးစုတိုင်း၊ ဘာသာမရွေး တန်းတူရည်တူ အခွင့်အရေးများ မှန်ကန်မျှတစွာ ရရှိစေရန်အတွက် နိုင်ငံသားတိုင်းကို ကိုယ်စားပြုသည့် အလွှာပေါင်းစုံပါဝင်သော ကိုယ်စားလှယ်တော်ကြီးများဖြင့် အမှားအယွင်း ချို့ယွင်းအားနည်းချက် မပါရအောင် စိတ်ရှည်ရှည်၊ စေတနာပါပါဖြင့် ညှိနှိုင်းဆွေးနွေးနေရခြင်းပင် ဖြစ်ပါကြောင်း၊ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာရေးအတွက် ယခုကျင်းပနေသော အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ပြီးဆုံးသွားရန် အထူးပင် အရေးကြီးပါကြောင်း၊ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့်အတိုင်း အမျိုးသားညီလာခံကြီး အောင်မြင်စွာကျင်းပ ပြီးစီးနိုင်ရေးအတွက် မည်သည့်အခက်အခဲ အတားအဆီးကိုမဆို မိမိတို့တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်စွာ ဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း အဆိုပြုတင်ပြအပ်ပါကြောင်း။

နိုင်ငံတော်အနေဖြင့် မှန်ကန်သော အမျိုးသားနိုင်ငံရေးလမ်းကြောင်းပေါ်တွင် ဥပဒေဘောင်အတွင်းဝင်ရောက်ပြီး ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများပါမကျန် နိုင်ငံရေးအင်အားစုအားလုံးပါဝင်သော အမျိုးသားညီလာခံကြီးက အခြေခံဥပဒေ အမြန်ဆုံးရေးဆွဲပြီးမြောက်ရေးအတွက် အစဉ်တစိုက် စိတ်ရှည်စွာဖြင့် စည်းရုံးဆောင်ရွက်ခဲ့သည်မှာ အားလုံးအသိပင် ဖြစ်ပါကြောင်း။

မိမိတို့ ကယားပြည်နယ်သည် ယနေ့နိုင်ငံတော်အစိုးရ၏ ပြည်ထောင်စုဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်များမှ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဘက်စုံ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လျက်ရှိပါကြောင်း၊ မိမိတို့ ကယားပြည်နယ်သည် ဒို့တာဝန်အရေးသုံးပါးဆိုသည့် အမျိုးသားရေးတာဝန်သုံးရပ်ကို အစဉ်လေးစားစောင့်ထိန်းရင်း ခိုင်မာခေတ်မီနေမည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ပေါ်ပေါက်ရေးအတွက် ကျင်းပနေသည့်အမျိုးသားညီလာခံကြီး အောင်မြင်စွာ ပြီးဆုံးရေးအတွက် အလေးအနက် ကြိုဆိုထောက်ခံပါကြောင်း တင်ပြလိုပါကြောင်း။

နိုင်ငံတော်အစိုးရ၏ နိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှုများရရှိအောင် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ဖော်ဆောင်လျက်ရှိသကဲ့သို့ ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး တည်ဆောက်ရေးအတွက် လိုအပ်သော လူမှုစီးပွားရေး အခြေခံအဆောက်အအုံတွေကို တစ်ဆက်တည်း တည်ဆောက်ခဲ့ပါကြောင်း၊ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်၍ ကာလတိုစီးပွားရေး စီမံကိန်းများ ချမှတ်အကောင်အထည်ဖော်ခဲ့ရာ လူတစ်ဦးချင်း ဝင်ငွေအနေဖြင့် ၁၉၈၈-၈၉ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၁၉၉၁-၉၂ ခုနှစ်တွင် ၂ ဒသမ ၃ ဆ၊ ၁၉၉၅ ခုနှစ်တွင် ခုနစ်ဆ၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ၂၆ ဒသမ ၃ ဆ၊ ၂၀၀၄-၂၀၀၅ ခုနှစ် မတ်လကုန်တွင် ၈၆ ဒသမ ၂ ဆ အသီးသီးတိုးတက်ခဲ့ပါကြောင်း၊ ဆန်စပါးထွက်ရှိမှုမှာလည်း ၁၉၈၈ ခုနှစ်ကထက် နှစ်ဆနီးပါး တိုးတက်လာခဲ့ပါကြောင်း၊ ကားလမ်း၊ မြစ်ကူး၊ ချောင်းကူးတံတားကြီးများ၊ ဆည်မြောင်းတာတမံ၊ မီးရထားလမ်း၊ လေဆိပ်၊ သင်္ဘောဆိပ်၊ စက်မှုဇုန်များ တိုးတက်မှုဆပွားကိန်းကိုလည်း ကိန်းဂဏန်းအရသာမက မျက်မြင်သက်သေဖြင့်လည်း သိရှိနိုင်ကြပြီဖြစ်ပါကြောင်း၊ ထို့အပြင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ဖွင့်လှစ်ပြီး ကျေးရွာပေါင်း ၆၀၀၀၀ ကျော်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် ငါးရပ် ချမှတ် အကောင်အထည်ဖော်ဆောင်ရွက်ပေးမှုကြောင့် နယ်စပ်ဒေသမကျန် အကြားအလပ်မရှိ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖွံ့ဖြိုးလာလျက်ရှိကြောင်း အားလုံးအသိပင်ဖြစ်ပါကြောင်း။

နေ့ချင်းညချင်းဖွံ့ဖြိုး

မိမိတို့ကယားပြည်နယ်အနေဖြင့် ယခုအခါ တိုင်းရင်းသားအားလုံး တစည်းတလုံးတည်း နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်အတူ ထာဝစဉ်လက်တွဲကာ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ၏ နိုင်ငံတော်အစိုးရအပေါ် ယုံကြည်ကိုးစားမှု၊ နိုင်ငံတော်အစိုးရ၏ ဒေသခံပြည်သူများအပေါ် ကျောသားရင်သားမခွဲခြားဘဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များကို စက္ကန့်

တရားရုံးချုပ် ရှေ့နေ ဦးမောင် မောင်ယု အမျိုး သား ညီလာခံ အား ကြိုဆို ထောက်ခံခြင်း နှင့် စပ်လျဉ်း သည့် အဆိုကို ထောက်ခံ ဆွေး နွေးတင်ပြစဉ်။ (သတင်းစဉ်)

မလပ် စဉ်းစားအကောင်အထည်ဖော် စောင့်ရှောက်ပေးမှုတို့ကြောင့် မိရင်းဖရင်း၏ နွေးထွေးသောရင်ခွင်တွင် ကြီးပြင်းလာရသော သားသမီးရတနာများပမာ ကယားပြည်နယ်သည်လည်း နေ့ချင်းညချင်း ဖွံ့ဖြိုးလျက်ရှိနေပါကြောင်း၊ ဤသို့ ဖွံ့ဖြိုးတိုးတက်မှုများ အရှိန်အဟုန်မပျက်စေရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံသစ်တစ်ရပ် ထူထောင်နိုင်ရန်အတွက် နိုင်ငံတော်၏ အသက်သွေးကြောတမျှ အရေးပါသည့် နိုင်ငံတော်၏ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးအာဏာသုံးရပ်ဖြင့် စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး၊ ကာကွယ်ရေးစသည့် နိုင်ငံရေးရာများကို ရေရှည်ခိုင်မာစွာထိန်းကျောင်းနိုင်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ထွန်းလာရေးအတွက် ယခုကျင်းပနေသည့် စစ်မှန်သောအမျိုးသားညီလာခံကြီးကို ကယားပြည်နယ်ပြည်သူလူထုတစ်ရပ်လုံးက အပြည့်အဝအလေးအနက်ကြိုဆိုထောက်ခံပါကြောင်း အဆိုကိုတင်သွင်းအပ်ပါကြောင်းဖြင့် အဆိုတင်သွင်းသွားသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို တရားရုံးချုပ်ရှေ့နေ ဦးမောင်မောင်ယုက ထောက်ခံဆွေးနွေးတင်ပြရာတွင် ယခု ကျင်းပလျက်ရှိသည့် အမျိုးသားညီလာခံသည် ၁၉၉၃ ခုနှစ် ဇန်နဝါရီလက စတင်ပြီး သန္ဓေတည်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုကဲ့သို့ အမျိုးသားညီလာခံကြီးကို ကျင်းပရခြင်းသည်လည်း နိုင်ငံတော်၏ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်လာရေးအတွက် အဓိကကျသည့် လုပ်ငန်းစဉ်လည်းဖြစ်ကြောင်း၊ အမှန်တော့ အမျိုးသားညီလာခံသည် တိုင်းရင်းသားပြည်သူတို့၏ ဆန္ဒကို ထင်ဟပ်အခြေခံပြီး အမျိုးသားရေးအနှစ်သာရကို ဖော်ဆောင်နေခြင်းဖြစ်ကြောင်း၊ တိုင်းပြုပြည်ပြု မွန်မြတ်သည့် လုပ်ငန်းစဉ်ကြီးလည်းဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားညီလာခံကြီးသည် တစ်မျိုးသားလုံးနှင့် တစ်နိုင်ငံလုံးကိုယ်စားပြုသည့် တိုင်းပြုပြည်ပြုညီလာခံပင် ဖြစ်ကြောင်း။

ဟန့်တားပိတ်ပင်တားဆီး၍မရ

ယင်းကဲ့သို့ ဆောင်ရွက်နေခြင်းသည် အမျိုးသားနိုင်ငံရေးဆိုင်ရာ ဖြစ်ပေါ်ပြောင်းလဲတိုးတက်မှု၏ သမိုင်းစဉ်တရားဖြစ်သည့်အတွက် မည်သည့်လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကမျှ ဟန့်တားပိတ်ပင်တားဆီး၍မရနိုင်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိလျှင် ဒီမိုကရေစီနိုင်ငံသစ် ထူထောင်၍ရမှာမဟုတ်ကြောင်း၊ ကမ္ဘာပေါ်၌ရှိသည့် နိုင်ငံပေါင်းများစွာသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကာ သက်ဆိုင်ရာနိုင်ငံများ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးဆိုသည့် မဏ္ဍိုင်သုံးရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြကြောင်း၊ မြန်မာနိုင်ငံနှင့် မြန်မာတစ်မျိုးသားလုံးအတွက်လည်း **"နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်လာရေးသည် ပထမ"**ဆိုသည့် တာဝန်ကို အမျိုးသားညီလာခံကြီးက ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း။

ဤတစ်ခါတွင် အတိတ်က သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး နောင်အနာဂတ်တွင် လွယ်လွယ်လေးဖြင့် ပျက်ပြယ်မသွားအောင် အနာဂတ် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် ဒီမိုကရေစီနိုင်ငံတော်သစ် တည်ဆောက်ရာတွင် စည်းကမ်းပြည့်ဝသည့် ခေတ်မီဒီမိုကရေစီနိုင်ငံတော်ထူထောင်ရန်အတွက် အသေးစိတ်အခြေခံရမည့်မူများကို ညှိနှိုင်းဆွေးနွေးရန် ညီလာခံ ကျင်းပနေရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင် ဖွဲ့စည်းပုံအခြေခံဥပဒေများထက် ပိုမိုပြည့်စုံ အနှစ်သာရရှိပြီး ခေတ်မီမည်ဖြစ်ကြောင်း၊ ဒို့တာဝန်အရေးသုံးပါးကိုလည်း စောင့်ရှောက်ကာကွယ်နိုင်မည်ဖြစ်ကြောင်း။

စစ်မှန်သော အမျိုးသားညီလာခံ

အမျိုးသားညီလာခံ၌ မိမိတို့ကယားပြည်နယ်က တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့တွင် ၁၉ ဦး၊ တောင်သူလယ်သမား ကိုယ်စားလှယ်များအစုအဖွဲ့တွင် နှစ်ဦး၊ အလုပ်သမားကိုယ်စားလှယ်များ အစုအဖွဲ့တွင် တစ်ဦး၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များအစုအဖွဲ့ဖြစ်သည့် ငြိမ်းချမ်းရေးအဖွဲ့ခြောက်ဖွဲ့မှ ကိုယ်စားလှယ် ၁၅ ဦး စုစုပေါင်း ၃၇ ဦး ပါဝင်တက်ရောက်လျက်ရှိကြောင်း၊ ၎င်းတို့ကိုကြည့်ခြင်းအားဖြင့် ကျင်းပလျက်ရှိသော အမျိုးသားညီလာခံသည် အလွှာစုံ၊ တိုင်းရင်းသားစုံကိုယ်စားပြုသည့် စစ်မှန်သော အမျိုးသားညီလာခံဖြစ်သည်ဆိုသည်မှာ သိသာထင်ရှားလှကြောင်း။

နိဂုံးချုပ်အနေဖြင့် တစ်မျိုးသားလုံးနှင့် အကျိုးဝင်သော မွန်မြတ်သည့်ပန်းတိုင်သို့ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ဖြင့် တစ်ဆင့်ချင်းလျှောက်လှမ်းသွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ အရေးကြီးဆုံးနှင့်ပထမဆုံးဖြစ်သော အမျိုးသားညီလာခံ အောင်မြင်စွာကျင်းပပြီးစီးရေးသည် တစ်မျိုးသားလုံးနှင့်အကျိုးဝင်သော မွန်မြတ်သည့်ပန်းတိုင်ဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုရှင် ဦးခင်မောင်ရီ၏ အမျိုးသားညီလာခံကို ကြိုဆိုထောက်ခံကြောင်းအဆိုပြုချက်ကို ထောက်ခံတင်ပြရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

လောကပါလတရားများပိုမိုထွန်းကားရေး

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ အလုပ်အမှုဆောင် ဒေါ်မြင့်သန်းဦးက ထောက်ခံ ဆွေးနွေးတင်ပြရာတွင် အမျိုးသားညီလာခံကြီးသည် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်တစ်ရပ် ပေါ်ထွန်းလာရေးအတွက် အလွန်အနှစ်သာရ အဓိပ္ပာယ် ပြည့်စုံသော ဦးတည်ချက်ခြောက်ရပ်နှင့်အညီ ကျင်းပနေခြင်းဖြစ်ကြောင်း၊ ယင်းခြောက်ရပ်ထဲ၌ ပါဝင်သော ဒို့တာဝန်အရေးသုံးပါးသည်

လှိုင်ကော် မြို့မှ မြို့မိမြို့ဖ ဦးစိုးထွေး အမျိုး သား ညီလာခံ အား ကြိုဆို ထောက်ခံခြင်း နှင့် စပ်လျဉ်း သည့် အဆိုကို ထောက်ခံ ဆွေး နွေးတင်ပြစဉ်။ (သတင်းစဉ်)

နိုင်ငံသားတိုင်း စက္ကန့်မလပ် နိုင်ငံတည်သရွေ့ ထမ်းရွက်ရမည့် မွေးရာပါတာဝန်သုံးပါး ဆိုသည်ကို ရှင်းပြစရာမလိုအောင်ပဲ ရှင်းလွန်းပါကြောင်း၊ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးတို့ကို မစောင့်ထိန်းပါက အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို ထိခိုက်ကာ လွတ်လပ်ရေးပင် ဆုံးရှုံးသွားနိုင်ကြောင်းကို သတိပြုရမည်ဖြစ်ကြောင်း၊ ဤသို့လွတ်လပ်ရေး ဆုံးရှုံးသွားပါက နှစ်ပေါင်းများစွာ၊ အသက်ပေါင်းများစွာ စတေးပြီးပြန်လည်ရယူရလေ့ရှိသည့်အတွက် အလွန်အန္တရာယ်များပါကြောင်း၊ ထို့ကြောင့် မိမိတို့တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုကြီးတည်မြဲရေးအတွက် မျိုးချစ်ပြည်ထောင်စုစိတ်ဓာတ်ဖြင့် သတိတရားလက်ကိုင်ထားကာ စည်းလုံးညီညွတ်စွာဆောင်ရွက်ကြရန် လိုအပ်ကြောင်းတင်ပြလိုပါကြောင်း၊ နောက်နှစ်ချက်ဖြစ်သည့် စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေးနှင့် နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးတို့သည်လည်း ခေတ်အဆက်ဆက်ပြည်သူများအားလုံး လိုလားတောင့်တခဲ့သည့် လိုလားချက်များဖြစ်၍ အထူးရှင်းပြစရာမလိုပါကြောင်း။

နောက်ဆုံးအချက်ဖြစ်သည့် အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်ပါဝင်ထမ်းဆောင်နိုင်ရေးဆိုသည့် ဦးတည်ချက်မှာတော့ မြန်မာ့နိုင်ငံရေးသမိုင်းကြောင်းကို အပေါ်ယံရှုမြင်မိသူများအတွက် အငြင်းပွားဖွယ်ရာဖြစ်နိုင်ခြင်းကြောင့် အနည်းငယ်တင်ပြချင်ပါကြောင်း။

မိမိတို့နိုင်ငံတော်အတွက် ထာဝစဉ်ရှိနေမည့် အမျိုးသားရေးမူဝါဒကြီးသုံးရပ်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို အစဉ်မလပ်အင်ပြည့်အားပြည့်ဖြင့် အရိုးကြေကြေကာကွယ်စောင့်ထိန်းနိုင်မည့် အခြေခံအင်အားစုကြီးသည် တပ်မတော်သာပင်ဖြစ်ကြောင်း၊ ထို့အပြင် ပြည်ထောင်စုကြီးပြိုကွဲမည့် အန္တရာယ်များနှင့် ကြုံတွေ့ခဲ့ရသောအခြေအနေများ၌ ၁၉၅၈ ခုနှစ်တွင် အိမ်စောင့်အစိုးရတာဝန်ကိုလည်းကောင်း၊ ၁၉၆၂ ခုနှစ် တိုင်းပြည်ပြိုကွဲမည့်အရေးနှင့် ၁၉၈၈ ခုနှစ် မင်းမဲ့ပြည်ဖျက် ဆူပူမှုဖြစ်ပွားရာတွင်လည်းကောင်း တိုင်းပြည်ကို အန္တရာယ်ချောက်ကမ်းပါးမှ အရိုးကြေကြေ အရေခန်းခန်း အကြိမ်ကြိမ် ကယ်တင်ပေးခဲ့ရပါကြောင်း။

ခိုင်မာစည်းလုံးစွာလက်တွဲဆောင်ရွက်

မိမိတို့နိုင်ငံအနေဖြင့် တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုက ရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဒီမိုကရေစီအသွင်ကူးပြောင်းရေး ဆက်သွားရန်သည်လည်း လုံးဝမဖြစ်နိုင်ကြောင်း၊ ယင်းသို့မရေရာသည့် အခြေအနေမျိုးကြောင့် ထပ်မံ အာဏာရယူ ထိန်းသိမ်းရခြင်းမျိုးကိုလည်း တပ်မတော်က မလိုလားသကဲ့သို့ မိမိတို့ပြည်သူများကလည်း ရရှိပြီးသား အောင်မြင်မှုများကို ၈၈ ခုနှစ် အရေးအခင်းကဲ့သို့ နောက်ပြန်သွားရန် လက်မခံတော့ကြောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁

စာမျက်နှာ ၁၁ မှ

အထူးသဖြင့် မိမိတို့နိုင်ငံကဲ့သို့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး အတွေ့အကြုံနုနယ်သေးစဉ်တွင် မည်သည့် လူတန်းစားအဖွဲ့အစည်းကမျှ ရှေ့ဆောင်နိုင်လောက်အောင် အတွေ့အကြုံမရှိသေး၍ သမိုင်းစဉ်တစ်လျှောက် အမျိုးသားနိုင်ငံရေးအင်အားစုကြီးအဖြစ် ခိုင်ခိုင်မာမာရပ်တည်ပေးခဲ့သော တပ်မတော်၏ အခန်းကဏ္ဍသည် အရေးကြီးနေဆဲပင် ဖြစ်ကြောင်း၊ ထို့ကြောင့် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ၌ ဒီမိုကရေစီရင့်မာလာသည့်အချိန်အထိ ပြည်သူ့ကိုယ်စားလှယ်များ၊ တပ်မတော်၊ နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် အချိုးညီညီ ခိုင်မာစည်းလုံးစွာ ဆက်လက်ပြီး လက်တွဲဆောင်ရွက်သွားရန် လိုအပ်ကြောင်းကို တင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကြီးသည် စတင်မကျင်းပမီကတည်းက အများဆန္ဒနှင့်အညီ ဆုံးဖြတ်ဆောင်ရွက်ခဲ့ကြောင်း။

ယင်းကဲ့သို့ ညီလာခံမစတင်မီကတည်းက ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ကြိုတင်ပြင်ဆင်ခဲ့သကဲ့သို့ ယခုအချိန်အထိညီလာခံကြီး၌ ခိုင်မာသော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲဆောင်ရွက်ရေးလုပ်ငန်းစဉ်များ ၇၀ ရာခိုင်နှုန်းခန့်အထိ အောင်အောင်မြင်မြင် သဘောတူ အတည်ပြုခဲ့ခြင်းဖြစ်ကြောင်းကို တွေ့ရှိ ရမည်ဖြစ်ကြောင်း။

အနာဂတ်ဒီမိုကရေစီပျိုးခင်းကြီး

အမျိုးသားညီလာခံကြီးသည် မကျင်းပမီ မူဝါဒလမ်းစဉ်ချမှတ်သည်မှ ယခုတိုင် တိုင်းပြည်ရေရှည်အကျိုးကို ရှေးရှုပြီး သမိုင်းဝင်အမျိုးသားနိုင်ငံရေးလှုပ်ရှားမှုကြီးအဖြစ် တရားမျှတစွာ ဒီမိုကရေစီနည်းစနစ်ကို အခြေခံမှစတင်ပျိုးထောင်ပေးနေသည့် အနာဂတ်ဒီမိုကရေစီပျိုးခင်းကြီးဖြစ်ကြောင်း တင်ပြရင်းအဆိုရှင်၏ အမျိုးသားညီလာခံကြီးကိုကြိုဆိုကြောင်းအဆိုပြုချက်ကို လေးလေးနက်နက် ထောက်ခံတင်ပြကာ နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသည်။

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့်အဆိုကို လွိုင်ကော်မြို့မှ မြို့မိမြို့ဖ ဦးစိုးထွေးက ထောက်ခံဆွေးနွေးတင်ပြရာတွင် "ရဟန်းဝိနည်း၊ ရွာကြီးစည်းရိုး၊ လူမျိုးစည်းကမ်း"ဟု ဝိဂြိုဟ်ပြုခဲ့သကဲ့သို့ နိုင်ငံတစ်ခု၏အသက်သည်လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပင်ဖြစ်ကြောင်း၊ ယင်းဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတိုင်းက တညီတညွတ်တည်းလက်ခံပြီး နိုင်ငံတော်အတွက် တကယ်အကျိုးရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်ရန်လိုအပ်ကြောင်း၊ နိုင်ငံသစ်တစ်ခုတည်ထောင်ရန်အတွက် ဖွဲ့စည်းပုံသည် အလွန်အရေးကြီးပြီး ဖွဲ့စည်းပုံမရှိလျှင် ပြည်သူများလိုလားတောင့်တနေသည့် စစ်မှန်သော စည်းကမ်းပြည့်ဝသည့်ဒီမိုကရေစီနိုင်ငံတော်သစ်ကို ထူထောင်၍ မရနိုင်ပါကြောင်း၊ ထို့ကြောင့် ယနေ့အမျိုးသားညီလာခံ၌ နိုင်ငံရေးအင်အားစုအမျိုးမျိုး၏ ကိုယ်စားလှယ်တော်ကြီးများသည် ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ထွန်းရေးကို အစွမ်းကုန်ကြိုးစား ဆောင်ရွက်နေခြင်းပင်ဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံထူထောင်ရာတွင် ဖွဲ့စည်းပုံနှင့် ခိုင်ခိုင်မာမာတည်ထောင်မှ ခိုင်မာသည့် ဒီမိုကရေစီရရှိမည်ဖြစ်ကြောင်း။

ဦးတည်ဆောင်ရွက်နေ

ယခု **အမျိုးသားညီလာခံ ကျင်းပနေခြင်းသည် အေးချမ်းသာယာ ဖွံ့ဖြိုး တိုးတက်၊ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်သစ် ဖြစ်ပေါ်လာရေးအတွက် ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်၌ ငြိမ်းချမ်းခြင်း၊ ဖွံ့ဖြိုးခြင်း၊ အင်အားခိုင်မာတောင့်တင်းခြင်းတို့ ပြိုင်တူဖြစ်ပေါ်ခံစားစေရန်အတွက် အခြေခံအကျဆုံးမှာ အမျိုးသားညီလာခံအောင်မြင်ရေးပင်ဖြစ်ကြောင်း။**

ထို့ကြောင့် အမျိုးသားညီလာခံအောင်မြင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့်အတူ မိမိတို့ကယားပြည်နယ်သူ၊ ပြည်နယ်သားအားလုံးက ပူးပေါင်းပါဝင်လျက်ရှိကြောင်း အဆိုရှင်၏ အမျိုးသားညီလာခံကို ကြိုဆိုကြောင်းအဆိုကို ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ရောက်ရှိ

ဆက်လက်၍ အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့် စပ်လျဉ်းသည့်အဆိုကို လွိုင်ကော်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အလုပ်အမှုဆောင် ဒေါ်အေးအေးမူက ထောက်ခံဆွေးနွေးတင်ပြရာတွင် "အများအကျိုး၊ ရွက်သယ်ပိုးက၊ ခနိုးခနဲ့၊ ဆိုကဲ့ရဲ့လည်း၊ မရွံ့မစောင်း၊ ကိုယ့်လမ်းကြောင်းကို စိတ်ကောင်းနှင့်ယှဉ်၊ ရှေးရှုနှင်လော့"ဆိုသည့် ရွှေဟသ်ာဆရာတော်ကြီး၏ အဆိုအမိန့်အတိုင်း ကိုယ့်နိုင်ငံကိုယ့်လူမျိုးကောင်းစားရန်၊ ကမ္ဘာ၌ မြန်မာဟေ့ဟု ခေါင်းမော့ရင်ကော့နိုင်ရန် အနှောင့်အယှက်၊ အဖျက်အဆီး၊ အဆီးအတားများစွာကြားထဲက ကြံ့ခိုင်သည့်စိတ်ဓာတ်၊ တိကျသည့်ရည်မှန်းချက်များဖြင့် တပ်မတော်အစိုးရက နေ့မအား၊ ညမနား ဆောင်ရွက်ပေးမှုကြောင့် ယခုအခါ မိမိတို့မြန်မာနိုင်ငံသည်အေးချမ်းတည်ငြိမ် ဖွံ့ဖြိုးမှုလမ်းကြောင်းပေါ်ရောက်ရှိခဲ့ပြီ ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရသည် တစ်ဖက်မှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းတည်ဆောက်လျက် ရှိသကဲ့သို့ အခြားတစ်ဖက်တွင်လည်း အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီး ပေါ်ထွန်းရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

အမျိုးသားညီလာခံ စတင်ကျင်းပစဉ်က ၁၉၉၀ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သည့် နိုင်ငံရေးပါတီများသည်လည်း ပါဝင်တက်ရောက် ဆွေးနွေးခဲ့သည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ သို့သော်လည်း အမျိုးသားညီလာခံကြီးကို အရှိန်အဟုန်ဖြင့် ကျင်းပနေစဉ်မှာပင် အချို့သော ပြည်ထောင်စုစိတ်ဓာတ်အားနည်းသည့် လုပ်ရပ်များကြောင့် အမျိုးသားညီလာခံကြီး၏ အရှိန်အဟုန်ကို နှေးကွေးစေသကဲ့သို့ ဖြစ်စေခဲ့ရကြောင်း။

အလွှာပေါင်းစုံပါဝင်တက်ရောက်ခဲ့

သို့သော်လည်း နိုင်ငံတော်အစိုးရအနေဖြင့် အမျိုးသားညီလာခံကြီးကို မဖြစ်မနေ ပြန်လည်ကျင်းပနိုင်ရန်နှင့် ပါတီစုံ၊ တိုင်းရင်းသား၊ လူထုလူတန်းစားအလွှာပေါင်းစုံ ပါဝင်တက်ရောက်ရေး စည်းရုံးဆောင်ရွက်ခဲ့ကြောင်း၊ အမျိုးသားညီလာခံကို ၂၀၀၄ခုနှစ် မေလတွင် ပြန်လည်ကျင်းပနိုင်ခဲ့ပြီး လူထုလူတန်းစားအလွှာအသီးသီးမှ စုစုပေါင်းကိုယ်စားလှယ် ၁၀၈၆ဦး တက်ရောက်ခဲ့ကြကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကြီးတွင် ပြည်ထောင်စုတစ်ဝန်းလုံးမှ တိုင်းရင်းသားပေါင်းစုံ၊ လူထုလူတန်းစားအလွှာပေါင်းစုံ၊ ပါတီပေါင်းစုံတို့မျက်နှာစုံညီ တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆုံးဖြတ်ပြီး အမျိုးသားညီလာခံကို အောင်မြင်စွာ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အရေးကြီးသော အခန်းကဏ္ဍများကိုပင် ကျော်ဖြတ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ကယားပြည်နယ်သူ ပြည်နယ်သားများကိုယ်စား မိမိက အဆိုရှင်၏ အမျိုးသားညီလာခံကို ကြိုဆိုကြောင်း အဆိုပြုချက်ကို အတိအလင်း ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးသွားသည်။

အတူတကွစုပေါင်းနေထိုင်

ယင်းနောက် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံခြင်းနှင့်စပ်လျဉ်းသည့် အဆိုကို ကယားပြည်နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးမော်ရယ်က ထောက်ခံဆွေးနွေးတင်ပြရာတွင် မိမိတို့ကယားပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့ပိုင်း၌ တည်ရှိသော ပြည်နယ်ဖြစ်ပြီး ကယားတိုင်းရင်းသားလူမျိုးစုများဖြစ်သည့် ကယား၊ ကယန်း၊ မနုမနော၊ ကယော၊ ယင်းတလဲ၊ ဂေခို၊ ဂေဘား စသည့် ကယားမျိုးနွယ်စုများနှင့်အတူ ကချင်၊ ကရင်၊ ချင်း၊ ပအိုးဝ်၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း၊ အင်းသား စသည့် တိုင်းရင်းသားများ အတူတကွ စုပေါင်းနေထိုင်ကြသော ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေကြောင်း။

သတ္တု၊ သစ်တော၊ ရေ၊ မြေသယံဇာတပေါကြွယ်ဝလှသည့် ပြည်နယ်တစ်ခုလည်းဖြစ်ကြောင်း၊ ခေတ်အဆက်ဆက် နယ်ချဲ့များ၏ သွေးခွဲသပ်လျှိုမှုကြောင့် ပြည်နယ်ဖွံ့ဖြိုးမှု နှေးကွေးခဲ့ရကြောင်း။

ကယားပြည်နယ်အတွင်း တပ်မတော်အစိုးရတာဝန်စတင်ယူချိန်မှအစပြုပြီး ပြည်နယ်အတွင်း ကဏ္ဍအားလုံး ဖွံ့ဖြိုးတိုးတက်မှုများအားလုံးက မျက်ဝါးထင်ထင် မြင်တွေ့ကြရမည်ဖြစ်ပြီး ငြိမ်းချမ်းမှု ဖွံ့ဖြိုးတိုးတက်မှုလူနေမှုအဆင့်မြင့်မားလာမှုကိုလည်း သိသာစွာ ခံစားလာကြပြီဖြစ်ကြောင်း။

နောင်အနာဂတ်ဖြစ်ပေါ်လာမည့် နိုင်ငံတော်သစ်၌ ပြည်ထောင်စုကြီး၏ နယ်မြေဒေသအားလုံး မျှမျှတတ ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ဖွံ့ဖြိုးရေးဒေသကြီး ၂၄ခုသတ်မှတ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်ပေးနေကြောင်း၊ ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှမျှတတ ဖွံ့ဖြိုးရေးကို ရည်မှန်းပြီးစီမံလုပ်ကိုင်ဆောင်ရွက်ပေးနေခြင်းပင်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း၌လည်း ကဏ္ဍစုံ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ပြည်နယ်တိုင်းရင်းသားပြည်သူအပေါ် စေတနာထားစောင့်ရှောက်ပေးခဲ့ပါကြောင်း။

တပ်မတော်အစိုးရသည် တောတွင်းလက်နက်ကိုင် အဖွဲ့အစည်းများလက်နက်ကိုင်လမ်းစဉ်စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်လာရန် လက်ကမ်းကြိုဆိုခဲ့ကြောင်း၊ ယင်းကဲ့သို့ မွန်မြတ်သည့်စေတနာဖြင့် ဖိတ်ခေါ်မှုကြောင့် ကယားပြည်နယ်မှ လက်နက်ကိုင်အဖွဲ့အစည်းများ လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပြီး တရားဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြကြောင်း၊ ယခုအခါ ဤအဖွဲ့အစည်းများသည် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်နှင့် လက်တွဲဆောင်ရွက်လျက် ရှိနေပြီဖြစ်ကြောင်း။

လက်ရှိကျင်းပနေသည့် အမျိုးသားညီလာခံကြီး၌ ကယားပြည်နယ်မှ ငြိမ်းချမ်းရေးရယူထားသော အဖွဲ့အစည်းခြောက်ဖွဲ့မှ ကိုယ်စားလှယ် ၁၅ဦး၊ ကယားပြည်နယ်မှ တိုင်းရင်းသားကိုယ်စားလှယ် ၁၉ဦး၊ တောင်သူလယ်သမားကိုယ်စားလှယ် နှစ်ဦး၊ အလုပ်သမားကိုယ်စားလှယ် တစ်ဦး စုစုပေါင်း ၃၇ဦးတို့ အတူတကွ တက်ညီလက်ညီ ပါဝင်ဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်း၊ ဤညီလာခံကိုယ်စားလှယ်တော်ကြီး ၃၇ဦးတို့သည် ပြည်နယ်အတွင်းက လူတန်းစားအလွှာအသီးသီးနှင့် တိုင်းရင်းသားလူမျိုးစုအသီးသီးတို့ကို ကိုယ်စားပြုသည့် ကိုယ်စားလှယ်များဖြစ်သည့်အပြင် အတွေ့အကြုံရင့်ကျက်ပြီး အရည်အချင်းပြည့်ဝသူများဖြစ်၍ ကယားပြည်နယ် အကျိုးစီးပွား ဖော်ဆောင်မည့် ကိုယ်စားလှယ်ကြီးများအဖြစ် အားလုံးက ယုံကြည်လက်ခံကြပြီးဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် အမျိုးသားညီလာခံဖြစ်ထွန်းအောင်မြင်မှုများကို ကယားပြည်နယ်မှ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ကြိုဆိုထောက်ခံပါကြောင်းနှင့် အဆိုရှင် အဆိုပြုသွားသည့် အမျိုးသားညီလာခံအား ကြိုဆိုပါကြောင်း အဆိုကို လေးလေးနက်နက်ထောက်ခံပါကြောင်းဖြင့် ထောက်ခံဆွေးနွေးတင်ပြသွားသည်။

ထို့နောက် သဘာပတိက တက်ရောက်လာကြသော ပြည်သူလူထု၏ သဘောထားဆန္ဒကို ရယူရာ ပြည်သူလူထုက အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံကြောင်း တညီတညွတ်တည်း သဘောတူ ဆန္ဒပြုကြသည့်အတွက် လူထုအစည်းအဝေးက ကြိုဆိုထောက်ခံကြောင်း ကြေညာသည်။

ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဆက်လက်ဖော်ပြသွားမည်

ရန်ကုန် ဇန်နဝါရီ ၉

၂၀၀၆ခုနှစ် ဇန်နဝါရီ၉ရက်တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များက ဆွေးနွေးအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြကြရာ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဦးကျော်သန့်၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနမှ ဦးကျော်လှိုင်၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာနမှ ဦးသိန်းလွင်တို့၏ ဖတ်ကြားတင်ပြချက်များ၊ အခြားဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များအစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့်စပ်လျဉ်း၍ ယင်းအစုအဖွဲ့တွင်ပါဝင်သည့် ရွှေပြည်အေး(အမ်တီအေ) အဖွဲ့မှ ဦးစိုင်းခွန်မိန်း၊ ကယားပြည်နယ် အထူးဒေသ(၂)မှ ဦးဟက်စတန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)မှ ဦးအောင်မြင့်တို့၏ ဖတ်ကြားတင်ပြချက်များကို ဆက်လက်ဖော်ပြသွားပါမည်။ (သတင်းစဉ်)

တစ်ခဲနက် ကြွေးကြော်

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသော အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးတွင် ကြွေးကြော်သံများကို တစ်ခဲနက် ကြွေးကြော်ကြစဉ်။

(သတင်းစဉ်)

ကြွေးကြော်သံများကြွေးကြော်

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသည့် ပြည်သူလူထုက ကြွေးကြော်သံများကို တစ်ခဲနက်ကြွေးကြော်ကြပြီး နံနက် ၉နာရီခွဲတွင် အမျိုးသားညီလာခံအား ကြိုဆိုထောက်ခံပွဲအခမ်းအနား အောင်မြင်စွာကျင်းပပြီးစီးသွားသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၀-၁-၂၀၀၆ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ ကျေးဇူးရှင်မင်းကွန်းဆရာတော်ဘုရားကြီး နိုင်ငံတော်သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၀ ၅။ ကဗျာပန်းဥယျာဉ်
- ၈:၀၀ ၆။ အကပြိုင်ပွဲ
- ၈:၀၅ ၇။ နှောင်းခေတ်တေးပဒေသာ
- ၈:၁၅ ၈။ အတီးပြိုင်ပွဲ
- ၈:၂၅ ၉။ ပိုင်ကျုံရေထိန်းတံခါး
- ၈:၃၀ ၁၀။ International News
- ၈:၄၅ ၁၁။ Let's Go
- ၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၁၆:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၁၆:၃၀ ၃။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ပထမနှစ်(ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒအထူးပြုများ) [ဓာတုဗေဒ]
- ၁၆:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
- ၁၆:၅၅ ၅။ ခံစားနားဆင် တေးဇာတ်ဝင်
- ၁၇:၁၅ ၆။ သားငါးဖွံ့ဖြိုး ပြည့်အကျိုး
- ၁၇:၂၅ ၇။ ကြေးမုံရိပ်သွင် တေးနုယဉ်
- ၁၇:၃၅ ၈။ ဆိုကြမယ် ပျော်ကြမယ်
- ၁၈:၀၀ ၉။ ညနေခင်းသတင်း
- ၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၁၈:၃၅ ၁၁။ နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"ရယ်ရွှင်ဆော့ပြေး ပုရွက်ဆိတ်လေး"** (အပိုင်း-၅၄)
- ၁၉:၀၅ ၁၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်လေ့ကားထစ်လေးများ"** (အပိုင်း-၂၉)
- ၂၀:၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ မြန်မာဗီဒီယိုဇာတ်လမ်း **"အမြင့်ဆုံး"** (အပိုင်း-၂) ရန်အောင်၊ မေသန်းနု (ဒါရိုက်တာ-ခင်မောင်ဦး၊ စိုးသိမ်းထွဋ်)

စာမျက်နှာ ၆ မှ

များအကြား မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်တို့ တိုးပွားခိုင်မာစေရန်ပင် ဖြစ်ကြောင်း။

ပညာများမည်မျှပင် တစ်ဖက်ကမ်းခပ်တတ်မြောက်ပါစေ တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်မရှိခဲ့လျှင် တိုင်းတစ်ပါးကို မှီခိုပြီး မိမိတိုင်းပြည်နစ်မွန်းအောင်၊ ပြည်ထောင်စုပြိုကွဲအောင်၊ ပြည်သူများနစ်နာအောင်၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပျက်ပြားအောင်အဖျက်လုပ်ရပ်များကိုသာ လုပ်ဆောင်တတ်ကြသည့် သာဓကများလည်း ယနေ့မျက်မြင်ဒိဋ္ဌ တွေ့ကြုံနေရပြီဖြစ်ကြောင်း။

မှန်ကန်စွာစွမ်းဆောင်

ထို့ကြောင့် ဆရာ ဆရာမများကိုယ်တိုင်က နိုင်ငံတော်အပေါ် အားထားယုံကြည်သည့်စိတ်ဓာတ်၊ နိုင်ငံ့ကောင်းကျိုးအတွက် မိမိတို့ တတ်စွမ်းသောကဏ္ဍက စွမ်းဆောင်ပေးလိုသည့် စိတ်ဓာတ်တို့ ပြည့်ဝခိုင်မာရန် အရေးကြီးကြောင်း၊ ယုံကြည်ချက် ခံယူချက် ပြည့်ဝခိုင်မာမှသာ အခြေအနေအချိန်အခါ အမျိုးမျိုးတွင် နိုင်ငံတော်အကျိုးအတွက် ရပ်တည်ချက်မှန်ကန်စွာဖြင့် စွမ်းဆောင်ပေးနိုင်ကြမည်ဖြစ်ကြောင်း။

ယင်းအတွက် နိုင်ငံတော်အစိုးရ၏ ပြည်သူများအကျိုးဦးတည်ကြိုးပမ်းဆောင်ရွက်ပေးနေမှုများ၊ နိုင်ငံတော်၏ မူဝါဒနှင့်အမျိုးသားရေးမျှော်မှန်းချက်များကို မိမိတို့တာဝန်ထမ်းဆောင်ရာ ဒေသရှိပြည်သူများ ရှင်းလင်းစွာ သိရှိအောင်၊ ကျောင်းသူကျောင်းသား လူငယ်များလည်း သိမြင်သဘော ပေါက်အောင် အထူးသဖြင့် အပြုသဘောနှင့် အဖျက်သဘော၊ အကျိုးနှင့်အပြစ်၊ တည်ဆောက်မှုနှင့်ဖျက်ဆီးမှုတို့၏ သဘာဝကွဲပြားခြားနားမှုကို သိမြင်နားလည်စေရအောင် စည်းရုံးဦးဆောင်ပေးကြရန် မှာကြားလိုကြောင်း။

ဆရာနှင့်တပည့်၊ စာသင်ကျောင်းနှင့် ရပ်ရွာ တစ်သားတည်းရှိစေပြီး ရပ်ရွာဖွံ့ဖြိုးရေးတွင် ဦးဆောင်ပါဝင်ဆောင်ရွက်ကြရန်အပြင် ယနေ့ကာလ၏ အရေးအပါဆုံး အမျိုးသားရေး လိုအပ်ချက်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး၏ အနှစ်သာရနှင့်အားမာန်၊ နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းမှု၏ အမျိုးသားရေးအဓိပ္ပာယ်တို့ကို ပြည်သူများစစ်မှန်စွာ သိမြင်ခံယူလာစေရအောင် ဦးဆောင်စည်းရုံးပေးကြပါဟု မှာကြားလိုကြောင်း။

အမျိုးသားရေးတာဝန်

ယနေ့ခေတ်ကာလတွင် အမျိုးသားပညာရည်မြင့်မားမှုသည် မိမိနိုင်ငံ မိမိ လူမျိုး ရှင်သန်တိုးတက်ရေးအတွက် အဓိကမောင်းနှင်အား ဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည်လည်း ပြည်ထောင်စုကြီး အရှည်တည်တံ့ခိုင်မြဲရေးအတွက် အဓိကအသက်သွေးကြောဖြစ်သည်ဆိုသည်ကို လေးလေးနက်နက် ခံယူပြီး မိမိနိုင်ငံ၊ မိမိလူမျိုးတိုးတက်ကြီးပွားရေးနှင့်ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲရေးအတွက် ရည်မှန်းချက်ရှိရှိဖြင့် မိမိတို့၏ ပညာရေးဆိုင်ရာ တာဝန်ဝတ္တရားများကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ကြိုးပမ်းထမ်းဆောင်သွားကြပါဟု တစ်ဆက်တည်း မှာကြားလိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု တိုးပွားခိုင်မြဲရေး၊ ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲရေး၊ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာထိန်းသိမ်း ကာကွယ်စောင့်ရှောက်ရေးဆိုသည့် အခြေခံအကြောင်းတရားများအပေါ်၌ အခိုင်အမာတည်ဆောက်ထားသည့် ဘက်စုံဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရအောင်နှင့် နိုင်ငံတော်၏ အနာဂတ် ရေရှည်တည်ငြိမ်ခိုင်ခံ့စေရအောင် နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်နှင့်အညီ အဆင့်ဆင့်အကောင်အထည်ဖော် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ပူးပေါင်းပါဝင်ဆောင်ရွက်

ထို့ကြောင့် ဆရာ ဆရာမများ အားလုံးက ပြည်ထောင်စုကြီးတည်တံ့ခိုင်မြဲရေးနှင့် သာယာဝပြောရေးကို ဦးတည်ပြီး တစ်မျိုးသားလုံးမျှော်မှန်းတောင့်တနေသော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေး၊ မူဝါဒလမ်းစဉ်အဆင့်ဆင့် ချောမွေ့ညင်သာစွာ တက်လှမ်း လျှောက်လှမ်းနိုင်ရေးအတွက် မိမိတို့ကျရာအခန်းကဏ္ဍက ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်တံ့ခိုင်မြဲရေးအတွက် ကာကွယ်စောင့်ရှောက်သွားမည့် အရည်အသွေး ပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို ပညာရေးကဏ္ဍက ပြုစုပျိုးထောင်မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေခံကောင်းများ အမျိုးသားရေးဦးတည်ချက်များ နှင့်အညီ တိုးတက်ဖြစ်ထွန်း မြင့်မားလာစေရအောင် ပါဝင်ကြိုးပမ်းဆောင်ရွက်ပေးကြပါဟုလည်း တစ်ဆက်တည်း တိုက်တွန်းမှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ–

- **အမျိုးသားပညာရည်မြင့်မားမှုနှင့်တကွ မိမိရပ်ရွာ မိမိဒေသ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပညာရေးကဏ္ဍ၏ အမျိုးသားရေး တာဝန်များကို ကျေပွန်စွာ ကြိုးပမ်းထမ်းဆောင်သွားကြပါ၊**
- **အေးချမ်းသာယာပြီး ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက် လျှောက်လှမ်းရမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာအကောင်အထည်ပေါ် ဖြစ်ထွန်းလာစေရအောင် အမျိုးသားရေး စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် ထက်သန်ခိုင်မာစွာဖြင့် ကျရာအခန်းကဏ္ဍက ပူးပေါင်း ပါဝင်ဆောင်ရွက်သွားကြပါ**

ဟု တိုက်တွန်းပြောကြားပြီး သင်တန်းဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သင်တန်းဖွင့်ပွဲအခမ်းအနားအပြီးတွင် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် သင်တန်းသား သင်တန်းသူ၊ ဆရာ ဆရာမများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အစဉ်တိုးတက်လျက်ရှိသော မြန်မာနိုင်ငံ၏ စက်မှုကဏ္ဍ

တပ်မတော်အစိုးရလက်ထက် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်

သွင်းကုန်အစားထိုး စက်ပစ္စည်းများ နိုင်ငံပိုင်စက်ရုံများမှ ပိုမိုတိုးတက်ထုတ်လုပ်နိုင်

ယနေ့ မျက်မှောက်ကာလသည် သိပ္ပံနှင့် နည်းပညာရပ်များ ဖွံ့ဖြိုးတိုးတက်နေသော ကာလဖြစ်သည်။ ထိုကာလတွင် နိုင်ငံတော်၏အမျိုးသားစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဘက်စုံကဏ္ဍစုံ ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ၌ သွင်းကုန် အစားထိုး စက်ပစ္စည်းများထုတ်လုပ်ရေးလုပ်ငန်းသည် အဓိကကျသော ကဏ္ဍမှ ပါဝင်လျက်ရှိသည်။

အမှတ်(၂) စက်မှုဝန်ကြီးဌာန အင်းတကော်ဒေသ စက်မှုနယ်မြေ၌ နည်းပညာ အဆင့်အတန်း မြင့်မားပြီး နိုင်ငံတကာ စံချိန်စံညွှန်းနှင့် ကိုက်ညီသော ခေတ်မီ မော်တော်ကား ဘားအထူး ခုတ်စားစက်များဖြင့် ခုတ်စားမှုကို ဤသို့ တွေ့ရသည်။

(ဓာတ်ပုံမှတ်တမ်း– မြန်မာ့အလင်း)

အရည်အသွေးမီတိုးတက်ထုတ်လုပ်

နိုင်ငံပိုင်၊ ပုဂ္ဂလိကပိုင်စက်မှုကဏ္ဍတွင် စက်ရုံ၊အလုပ်ရုံများ နှစ်စဉ်လိုအပ်သော စက်ပစ္စည်းအစိတ်အပိုင်းများကို ယခင်က နိုင်ငံခြားငွေအမြောက်အမြား အကုန်အကျခံကာ ပြည်ပနိုင်ငံများမှ မှာယူခဲ့ရသည်။ ယခုအခါ နိုင်ငံတော်၏ စက်မှုကဏ္ဍသည် တစ်နှစ်ထက်တစ်နှစ် မြင့်မားတိုးတက်လာလျက်ရှိရာ သွင်းကုန်အစားထိုး စက်ပစ္စည်းများကို ပြည်တွင်းမှာပင် အရည်အသွေးမီ တိုးတက်ထုတ်လုပ်၍ အစားထိုး သုံးစွဲနေပြီဖြစ်သည်။

စက်မှုပညာရှင်များ

စက်မှုကဏ္ဍတွင် နိုင်ငံတော်၏ အားပေးကူညီမှု၊ စက်မှုပညာရှင်များ၏ ကြိုးပမ်း အားထုတ်မှုများကြောင့် သံရည်ကျို လုပ်ငန်းနှင့်အတူ တွဲဖက်လိုအပ်လာသော မိုနှင့် ဒိုင်စက်မှုလုပ်ငန်းများ၊ စက်ခုတ်စား အနုစိတ်လုပ်ငန်းများကို ထူထောင်ထားနိုင်ပြီဖြစ်သည်။

အလားအလာကောင်း

ယခုအခါ စက်မှုထုတ်ကုန်အရည်အသွေးများ စံချိန်မီလာပြီဖြစ်သဖြင့် ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးလျက်ရှိသည်။ လက်ရာလက်သား အရည်အသွေး ကောင်းလာသည်နှင့် အမျှ ပြည်ပဈေးကွက်အထိ တက်လှမ်းလာမည့် အလားအလာကောင်းများ ရှိနေပြီဖြစ်သည်။

တပ်မတော်အစိုးရလက်ထက်တွင် သွင်းကုန်အစားထိုး စက်ပစ္စည်းအမယ်အမျိုးမျိုး တိုးတက် ထုတ်လုပ်နိုင်မှုတို့ကို ဖော်ပြပါဇယားတွင် လေ့လာကြည့်ရှုခြင်းဖြင့် သိသာထင်ရှားစွာ တွေ့ရှိရမည်ဖြစ်ပေသည်။ ။

နိုင်ငံပိုင်စက်ရုံများမှ တိုးတက်ထုတ်လုပ်လျက်ရှိသော သွင်းကုန်အစားထိုး စက်ပစ္စည်းများ

စဉ်	အကြောင်းအရာ	၁၉၈၈	၂၀၀၅	တိုးတက်မှု
၁	မော်တော်ယာဉ်	၆၀၆	၂၁၃၂	၁၅၂၆
၂	လယ်ထွန်စက်	၇၀၀	၁၀၃၃	၃၃၃
၃	လက်တွန်းထွန်စက်	၄၄၀	၅၅၇၅	၅၁၃၅
၄	ထွန်စက်အင်ဂျင်	–	၈၇၂၇	၈၇၂၇
၅	ရိတ်သိမ်းခြွေလှေ့စက်	–	၄၀	၄၀
၆	ထော်လာဂျီ	–	၅၈၄၂	၅၈၄၂
၇	လမ်းကြိတ်စက်	–	၅၆	၅၆
၈	ရေဒီရေတာ	–	၄၉၂၃	၄၉၂၃
၉	ဒစ္စဘိုးလ်	–	၁၂၆၇၅	၁၂၆၇၅
၁၀	ဘယ်ယာရင်	–	၁၂၂၂၀	၁၂၂၂၀
၁၁	အင်လက်နှင့်အိတ်ဇောဘား	–	၆၂၆၈	၆၂၆၈
၁၂	ဘိုး၊နပ် (ကီလိုဂရမ်)	–	၃၀၀၀၀	၃၀၀၀၀
၁၃	ကြေးချောင်း (တန်)	–	၁၀၇၈၅	၁၀၇၈၅
၁၄	ကြေးနီကြိုး (ကီလိုဂရမ်)	–	၆၆၅၅၀၀	၆၆၅၅၀၀

အဆိုပါ သင်တန်းသို့ အောက်မြန်မာပြည်ရှိ ပြည်နယ်နှင့်တိုင်းများမှ သင်တန်းသား သင်တန်းသူ အခြေခံပညာ ဆရာ ဆရာမ ၁၅၁၁ဦး တို့ တက်ရောက်ကြပြီး သင်တန်းကာလမှာ ရက်သတ္တ ငါးပတ်ကြာမြင့်မည်ဖြစ်သည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့်အဖွဲ့ဝင်များသည် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)ရှိ အမျိုးသမီးတပ်ခွဲ ခွာညိုဆောင် နှစ်ထပ်အိပ်ဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ကြသည်။

ရှင်းလင်းဖတ်ကြားတင်ပြ

ရှေးဦးစွာ အခမ်းအနားမှူး ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး)မှ လက်ထောက်ကထိကဒေါ်အေးအေးမူက အမျိုးသမီးတပ်ခွဲ ခွာညိုဆောင် နှစ်ထပ်အိပ်ဆောင်သစ်ဆောက်လုပ်မှုအခြေအနေကို ရှင်းလင်းဖတ်ကြားတင်ပြသည်။

ထို့နောက် ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်နှင့်ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) ပါမောက္ခချုပ် ဦးဝင်းမောင်တို့က အမျိုးသမီးတပ်ခွဲ ခွာညိုဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံပညာရေး ကော်မတီ ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်က နှစ်ထပ်အိပ်ဆောင်သစ် ကမ္ပည်းမော်ကွန်းကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

ဆက်လက်၍ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသန်းညွှန့်က နှစ်ထပ်ကျောင်းဆောင်သစ် ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် အတွင်းရေးမှူး(၁)နှင့် အဖွဲ့ဝင်များသည် အမျိုးသမီးတပ်ခွဲ ခွာညိုဆောင် နှစ်ထပ်အိပ်ဆောင်သစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ယနေ့ဖွင့်လှစ်သည့် ဗဟိုဝန်ထမ်း တက္ကသိုလ်(ဖောင်ကြီး) အမျိုးသမီးတပ်ခွဲခွာညိုဆောင် နှစ်ထပ်အိပ်ဆောင်သစ်မှာ အလျားပေ ၂၀၀၊ အနံ ၁၇၄ ပေနှင့် အမြင့်၂၄ပေရှိ၍ အင်္ဂလိပ်အက္ခရာ (H) ပုံစံ နှစ်ထပ်အဆောက်အအုံဖြစ်ပြီး Hall type အမျိုးအစားဖြစ်သည်။ အခန်းတစ်ခန်းတွင် သင်တန်းသူ ၂၄ဦးနှုန်းဖြင့် စုစုပေါင်း သင်တန်းသူ၂၄၀ဆံ့အဆောက်အအုံ ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

အဖွဲ့တွင်ပါဝင်သည့် ရွှေပြည်အေး (အမ်တီအေ)အဖွဲ့မှ ဦးစိုင်းခွန်မိန်းက ဖတ်ကြားတင်ပြပြီး အစည်းအဝေးကို ခေတ္တရပ်နားသည်။

(ဦးစိုင်းခွန်မိန်း၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ပြန်လည်ကျင်းပရာ ကယားပြည်နယ် အထူးဒေသ(၂)မှ ဦးဟက်စတန်က အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့၏ ဆွေးနွေး အကြံပြုချက်စာတမ်းကို ဆက်လက် ဖတ်ကြားတင်ပြသည်။

(ဦးဟက်စတန်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ ရှမ်းပြည်နယ် (မြောက်ပိုင်း) အထူးဒေသ (၂)မှ ဦးအောင်မြင့်က ဆက်လက်ဖတ်ကြားတင်ပြသည်။

(ဦးအောင်မြင့်၏ ဖတ်ကြားတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် အမျိုးသားညီလာခံစုံညီအစည်းအဝေးကို ညနေ ၃နာရီ မိနစ်၄၀တွင် ရပ်နားလိုက်သည်။

အမျိုးသား ညီလာခံစုံညီ အစည်းအဝေးကို ဇန်နဝါရီ ၁၀ရက် နံနက်၉နာရီတွင် ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

(သတင်းစဉ်)

ဆရာဝန်အသင်းညီလာခံ ဆရာဝန်များမှတ်ပုံတင်နိုင်

ရန်ကုန် ဇန်နဝါရီ ၉

(၅၂)ကြိမ်မြောက် မြန်မာနိုင်ငံ ဆရာဝန်အသင်း ညီလာခံကို ဇန်နဝါရီ ၁၈ရက်မှ ၂၄ရက်အထိ အမှတ် ၂၄၉ သိမ်ဖြူလမ်း မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။ ယင်းညီလာခံ တက်ရောက်မည့် ဆရာဝန်များသည် ဇန်နဝါရီ ၁၅ရက်မှစ၍ အသင်းခန်းမဆောင်(ဘီ)၌ ရုံးချိန်အတွင်း မှတ်ပုံတင်နိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ညောင်တုန်းမြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီစည်းဝေး၊ အမှုဆောင်သစ်ရွေးချယ်

ညောင်တုန်း ဇန်နဝါရီ ၆

ညောင်တုန်းမြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ မျက်နှာစုံညီ အစည်းအဝေးနှင့် အမှုဆောင်သစ် ရွေးချယ်တင်မြှောက်ပွဲကို ဒီဇင်ဘာ ၃၁ရက်က မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးခန်းမတွင် ကျင်းပရာ သဘာပတိ ကြီးကြပ်ရေးအဖွဲ့ခေါင်းဆောင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်(၂) ဦးစိုးမြင့်ထွန်းက အဖွင့်အမှာ စကားပြောကြားသည်။ **(ယာပုံ)**

ရှင်းလင်းတင်ပြ

ထို့နောက် မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ညောင်တုန်း) က မြို့နယ် မျက်နှာစုံညီ အစည်းအဝေးနှင့် ရွေးချယ် တင်မြှောက်ပွဲ ကျင်းပရေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးအောင်ဆွေဦး (မောင်ဩဘာ-အယုဗ္ဗေဒ)က အမှုဆောင်အဖွဲ့၏ အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ညောင်တုန်းမြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့ နာယက ဦးမောင်အေး(မောင်အေး -ညောင်တုန်း)၊ ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ညောင်တုန်း)၊ အတွင်းရေးမှူး ဦးမျိုးဆွေ (မောင်ရဲမွန် -ညောင်တုန်း)၊ ဘဏ္ဍာရေးမှူး ဦးအောင်ဆွေဦး (မောင်ဩဘာ-အယုဗ္ဗေဒ)နှင့် ညီလာခံကိုယ်စားလှယ်အဖြစ် ဥက္ကဋ္ဌ ဦးတင်ရွှေ (မောင်နေလင်း-ညောင်တုန်း) တို့ကို ရွေးချယ်ကြကြောင်းသိရသည်။**(ဝဇိရ)**

သံတွဲခရိုင်တွင် ကြက်ဆူပင်စိုက်ပျိုးရေး ဆွေးနွေး အကိုင်းမျိုးပွား ပျိုးထုပ်များ နမူနာပြရှင်းလင်း

သံတွဲ ဇန်နဝါရီ ၈

ရခိုင်ပြည်နယ် သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ကြီးမှူး၍ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေး ဆိုင်ရာ ဆွေးနွေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၅ရက် မွန်းလွဲ၂နာရီက သံတွဲ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေး

ဆွေးနွေးပွဲတွင် ခြံစည်းရိုး ကြက်ဆူပင်စိုက်ပျိုးရေးဆိုင်ရာကို သံတွဲခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး လှတင့်က လည်းကောင်း၊ စိုက်ပျိုးရေး နည်းစနစ်၊ ဆီထုတ်ယူပုံ၊ စက်ယန္တရား အသုံးပြုပုံများကို ခရိုင်အတွင်းရေးမှူး ဗိုလ်မှူးကျော်မြင့်က လည်းကောင်း၊ အစေ့ပျိုးထုပ်၊ အကိုင်းမျိုးပွားပျိုးထုပ်၊ အပင်ပေါက်၊ အကိုင်း၊ အရွက်၊ အသီး၊ အစေ့တို့ကိုခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးကျော်ခင်ကနမူနာပြ၍လည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။

သံတွဲခရိုင်အတွင်း ၂၀၀၆ခုနှစ် (ပထမနှစ်)၌ ခြံစည်းရိုး ကြက်ဆူပင် ဧက ၆၇၆၆၄ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ဒီဇင်ဘာ ၁၇ ရက်က တောင်သာမြို့နယ် မဲတောကျေးရွာနှင့် ငွေ့မြောင်ကုန်း ကျေးရွာတို့တွင် အလှူရှင် စက်ရေတွင်း ဖွင့်ပွဲ ကျင်းပရာ မြင်းခြံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယ ဗိုလ်မှူးကြီး ထွန်းဝင်းနှင့် မြို့နယ်ဥက္ကဋ္ဌ ဦးစောသန့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ် ပြန်/ဆက်)

ကျိုက်ထိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ဂိုဒေါင်နှင့် ယာဉ်များကို ဒီဇင် ဘာ ၁၂ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင် အရာရှိ ဦးသက်အောင်နှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်း တင်ပြစဉ်။

(မြို့နယ်စည်ပင်)

မြောင်းမြမြို့ ဒိုဘီကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်

မြောင်းမြ ဇန်နဝါရီ ၈

(၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၅-၂၀၀၆ခု ဘဏ္ဍာရေးနှစ်အတွင်း ဆောင်ရွက်သော ဒိုဘီကုန်းလမ်း ကတ္တရာလမ်းသစ်ဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ၄ ရက် နံနက်က အဆိုပါလမ်းထိပ်မုခ်ဦး၌ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကြည်ထွန်းဝင်း၊ မြို့နယ်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှဝေနှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်အောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ **(အောက်ဝဲပုံ)**

အဆိုပါ ဖွင့်လှစ်သည့် ဒိုဘီကုန်းလမ်းမှာ အရှည်ပေ ၁၅၃၀၊ အကျယ် ၁၂ ပေ ရှိပြီး တန်ဖိုးမှာ ငွေကျပ် ၄၈ သိန်းဖြစ်ကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ငပုတောမြို့၌ စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေး အလှူငွေနှင့် ရုပ်မြင်သံကြားပြစက်လှူဒါန်း

ငပုတော ဒီဇင်ဘာ ၂၅

ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ အတွက် စာကြည့်တိုက်ပညာ အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ဒီဇင်ဘာ ၁၄ရက်နံနက် ၉နာရီက ငပုတောမြို့နယ် မန်ကျည်းပင်သုံးခွကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

တိုးတက်ရေး

အခမ်းအနားတွင် ကျေးရွာအုပ်စု ဥက္ကဋ္ဌ ဦးအောင်သန်းက အဖွင့်အမှာ စကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူးဒေါ်မြင့်မြင့်ရွှေက စာကြည့်တိုက်ပညာအလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်းနှင့် စာကြည့်တိုက်များရေရှည်ဖွံ့ဖြိုးတိုးတက်ရေးကို ဆွေးနွေးတင်ပြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် မန်ကျည်းပင်သုံးခွကျေးရွာပညာတံခွန် စာကြည့်တိုက်အတွက် အလှူငွေ ပေးအပ်ပွဲကို ကျင်းပရာ အလှူရှင်များက စုပေါင်း၍ ငွေကျပ်ခုနစ်သောင်းနှင့် မန်ကျည်းပင်သုံးခွကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ၁၇ လက်မ ရုပ်မြင်သံကြားပြစက် တစ်လုံးကို ကျေးရွာ ဥက္ကဋ္ဌ ဦးအောင်သန်းက ပေးအပ်လှူဒါန်းရာ စာကြည့်တိုက် ကော်မတီဥက္ကဋ္ဌ ဦးခင်လှိုင်က လက်ခံရယူသည်။ **(အောက်ပုံ)**

အဆိုပါစာကြည့်တိုက် ပညာ အလုပ်ရုံဆွေးနွေးပွဲသို့ သင်တန်းသား ၇၂ဦးတက်ရောက်ကြပြီး အလားတူ အလုပ်ရုံဆွေးနွေးပွဲကိုသင်္ကန်းကုန်းတိုက်နယ် ၁၂ရွာအတွက်သင်္ကန်းကုန်းစံပြကျေးရွာတွင် ဒီဇင်ဘာ ၁၂ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

လမ်းများကောင်းမွန်ရေး မြစ်ကြီးနား၌ကတ္တရာထပ်ပိုးလွှာခင်း

မြစ်ကြီးနား ဒီဇင်ဘာ ၂၄

မြစ်ကြီးနား မြို့ပေါ်ရပ်ကွက် လမ်းဘေး ဝဲယာ ရေမြောင်းများနှင့် အဓိကရေထွက်မြောင်းများ အမှိုက်နုန်းမြေများ ဆယ်ထုတ်စွန့်ပစ်ခြင်း၊ မြို့ပေါ်ရပ်ကွက် လမ်းများကောင်းမွန်စွာ ဆက်သွယ်သွားလာနိုင်ရေးအတွက် လမ်းပေါက်ဖာခြင်း၊ ကတ္တရာ ထပ်ပိုးလွှာခင်းခြင်း လုပ်ငန်းများကို စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဒီဇင်ဘာ ၁၀ရက်ကဆောင်ရွက်ကြရာအမှုဆောင်အရာရှိဦးအေးဆွေနှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးအေးလွင်တို့ ကွင်းဆင်း ကြီးကြပ်ပေးကြကြောင်း သိရသည်။

(မြို့နယ် စည်ပင်)

ကျောက်မဲမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ စာဆိုတော်နေ့အထိမ်းအမှတ်စာပေဟောပြော

ကျောက်မဲ ဒီဇင်ဘာ ၂၄

ပညာရေးဌာနနှင့်မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့တို့ ပူးပေါင်း၍ စာဆိုတော်နေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကို ဒီဇင်ဘာ၁၅ရက် နံနက်၉နာရီက ကျောက်မဲမြို့ အထက(၂) ကျောင်းတွင် ကျင်းပရာ မြို့နယ်စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းကြည်က အမှာစကားပြောကြားသည်။

ဟောပြော

အခမ်းအနားတွင် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့(ဗဟို) ဥက္ကဋ္ဌ၏ သဝဏ်လွှာကို အတွင်းရေးမှူး ဦးမောင်မောင် (သတင်းထောက်-စိုင်းမောင်မောင်)က ဖတ်ကြားပြီး ဒေသခံစာရေးဆရာများဖြစ်ကြသည့် ဦးကျောက်ခဲ(မောင်သန်းကို-သလ္လာမြေ၊ မုံရွာ ကျောက်ခဲ)၊ ဦးကျော်ဦး (မောင်နီ-ကျောက်မဲ)၊ ဦးမင်းဆွေ (မင်းသပြေ)နှင့် ဦးကျော်ဝင်းမောင် (ကျော်ဝင်းမောင်-ကျောက်မဲ)တို့က စာပေရေးရာများ ဟောပြောကြသည်။ **(အောက်ပုံ)**

အလားတူ စာပေဟောပြောပွဲများကို ကျောက်မဲမြို့ပေါ်ရှိ အလက (၁)၊ (၂)၊ (၃) ကျောင်းများနှင့် နောင်ပိန်၊ စခမ်းသာ ကျေးရွာတွဲဖက်အလယ်တန်းကျောင်းများတွင် ကျင်းပသည်။ **(စာပေစာနယ်ဇင်း)**

ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးကြီးအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး လိုက်လံစစ်ဆေးခြင်းကို ဒီဇင်ဘာ ၄ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးသန်းဦးနှင့် တာဝန်ရှိသူများ၊ မြို့နယ် မီးသတ်ဦးစီးမှူး ဦးမျိုးညွှန့်နှင့်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့မဈေးအရန်မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးအကျိုးတော်ဆောင်အဖွဲ့ဝင်များစုပေါင်း၍ ဆောင်ရွက်ကြစဉ်။

(မြို့နယ် စည်ပင်)

ဗိုလ်တထောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက (၅၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့် ကလေးပြိုင်ပွဲဆုပေးပွဲ အခမ်းအနားတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ဒေါ်မူမူညိုက ဆုချီးမြှင့်စဉ်။ (ပညာရေး)

ရွှေမြင့်မိုရ်ဆရာတော် မိုးကုတ်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၉

မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်မှ ဓမ္မကထိက ရွှေမြင့်မိုရ်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဗဟုဇနဟိတဓရ ဘဒ္ဒန္တသောဘဏ(ဒီဃနိကာယကောဝိဒ၊ သာသနဓဇ သီရိပဝရ ဓမ္မာစရိယ)သည် ဒဂုံမြို့နယ် ဦးဝိစာရအိမ်ရာ ဗုဒ္ဓဓမ္မဗိမာန်ဓမ္မာရုံတွင် နှစ်ဦးတရားပွဲအဖြစ် ဇန်နဝါရီ ၁၈ရက်မှ ၂၄ရက်အထိ ညနေ ၅နာရီခွဲမှစ၍ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။**(က-ပ)**

ဇန်နဝါရီ၃ရက်က ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၄) အခြေခံပညာ မူလတန်းလွန်ကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးမင်းစိန်က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (ပညာရေး)

လယ်တီ ဝိပဿနာ ခုနစ်ရက်တရားစခန်း

ရန်ကုန် ဇန်နဝါရီ ၉

လယ်တီဝိပဿနာပြန့်ပွားရေးအဖွဲ့ချုပ် ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒကိုခံယူ၍ ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် (၃၃၇/က) ပြည်လမ်း လယ်တီဝိပဿနာကမ္မဋ္ဌာန်းကျောင်းတိုက်၌ (၉၁)ကြိမ်မြောက် လယ်တီဝိပဿနာ ခုနစ်ရက်တရားစခန်းကို ဇန်နဝါရီ ၁၃ရက်မှ ၂၁ရက်အထိ ကျင်းပမည် ဖြစ်သည်။

တရားစခန်းဝင်လိုသော ယောဂီများသည် ဖုန်း-၅၃၄၃၂၉သို့ ဆက်သွယ် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ရွှေပြည်ဟိန်းကျောင်း တရားပွဲကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၉

အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက် ဘာသာဋီကာကျမ်းပြုအကျော်ဆရာတော် အရှင်ဇနကာဘိဝံသ၏ အဆုံးအမနှင့် ဘာသာစာပေ ပြန့်ပွားရေး အထိမ်းအမှတ်အဖြစ် တရားပွဲကို ရန်ကင်းပြည်သာယာ ရွှေပြည်ဟိန်းကျောင်း၌ တပည့်ဖြစ်သော ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာ သိရီလင်္ကာရ ဦးဆောင်၍ ကျင်းပမည်ဖြစ်ရာ ဇန်နဝါရီ ၁၀ရက်ညတွင် ရွှေပါရမီတောရ အရှင်ဆန္ဒာဓိက ကလည်းကောင်း၊ ၁၁ရက်ည၌ ရွှေပြည်ဟိန်း ဆရာတော် ပိဋကတစ်ပုံခွဲဆောင် အရှင်ခေမာသိရီလင်္ကာရကလည်းကောင်း တရားတော်များ ဟောကြားမည်ဖြစ်ရာ တရားနာကြားနိုင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**

ဖြူးမြို့နယ်အသင်း(ရန်ကုန်) မြတ်ဆရာ ပူဇော်ပွဲ

ဖြူး ဇန်နဝါရီ ၆

ဖြူးမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း (အမျိုးသားကျောင်း ၁၉၂၀)ပြည့်နှစ် ဆဋ္ဌမအကြိမ် မြတ်ဆရာပူဇော်ပွဲသို့ ဖြူးမြို့နယ်အသင်း (ရန်ကုန်)အစီအစဉ်ဖြင့် ဇန်နဝါရီ ၂၁ရက် (စနေနေ့)နံနက် ၄နာရီတွင် လမ်းမတော်လမ်းနှင့် ကျုံးကြီး လမ်းထောင့်မှ စတင်ထွက်ခွာမည်ဖြစ်သည်။ ကန်တော့ခံဆရာကြီး၊ ဆရာမ ကြီးများနှင့် ဖြူးမြို့နယ်သူ၊ နယ်သားများသည် ဇန်နဝါရီ၁၇ရက် နောက်ဆုံးထား ၍ ဦးဂုဏ်ရင် ဖုန်း-၀၉ ၅၁၃၂၃၃၀၊ဦးမြဦး ဖုန်း-၆၆၀၁၃၁ နှင့် ကိုမြဦး ဖုန်း-၂၂၉၉၄၅တို့သို့ ဆက်သွယ် စာရင်းပေးသွင်း လိုက်ပါနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဒဂုံမြို့သစ် (မြောက်ပိုင်း) အမက (၈)တွင် ဘက်စုံထူးချွန်ဆုနှင့် ပညာရည်ချွန်ဆုပေးပွဲကို ဇန်နဝါရီ၆ရက်က ကျင်းပရာ လေးနှစ်ဆက်တိုက် ထူးချွန်ဆုရတတိယတန်းမှ မမမိုးထက်အောင်အား ကျောင်းအုပ်ဆရာမကြီးဒေါ်သန်းသန်းအေးက ဆုချီးမြှင့်စဉ်။(ပညာရေး)

ဂုဏ်ပြုဆုချီးမြှင့်

မင်္ဂလာတောင်ညွန့်မြို့နယ် အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၏ မိဘဆရာ ကျောင်းသားစုံညီပွဲတော်နှင့် ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ၃ရက်က ကျောင်းခန်းမတွင်ကျင်းပရာ လေးနှစ်ဆက်တိုက် ထူးချွန်ပထမဆုရ မအေးသူဇာအား ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်ချိုက ဂုဏ်ပြုဆုချီးမြှင့်စဉ်။ (၂၅၉)

မင်္ဂလာဒုံ အထက(၂) အာစရိယပူဇော်ပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၉

မင်္ဂလာဒုံမြို့နယ် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (အောင်ဆန်းသူရိယ လှသောင်းကျောင်း)၌ ၁၉၇၂ခုနှစ်မှ ၂၀၀၅ခုနှစ်အထိ ပညာသင်ယူ ခဲ့ကြသော ကျောင်းသား ကျောင်းသူဟောင်းများ၏ ပဥ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၄ရက် နံနက်၁၀နာရီခွဲက အဆိုပါကျောင်း အောင်ဆန်းသူရိယလှသောင်း ခန်းမ၌ကျင်းပရာ ကျောင်းမှ အငြိမ်းစားယူသွားခဲ့ကြသော ဆရာ ဆရာမကြီးများ၊ လက်ရှိ တာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမကြီးများ၊ ကျောင်း အုပ်ချုပ်မှု တာဝန်ခံအရာရှိနှင့် ဆရာ ဆရာမများ၊ အာစရိယပူဇော်ပွဲ အခမ်း အနားဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌနှင့် ကျောင်းသား ကျောင်းသူဟောင်းများ၊ လက်ရှိ ပညာသင်ယူနေကြသော ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

တောင်ဥက္ကလာပမြို့နယ် အမှတ်(၂၈) အခြေခံပညာမူလတန်းကျောင်း၏ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် နှစ်ပတ်လည်ပွဲနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဇန်နဝါရီ ၁ရက်က ကျင်းပရာ သူငယ်တန်းမှ စတုတ္ထတန်းထိ ငါးနှစ်ဆက်တိုက် ပထမဆုရ မခိုင်ပြည့်ပြည့်ဖြိုးအား ကျောင်းအုပ်ဆရာကြီး ဦးသောင်းရွှေက ဆုချီးမြှင့်စဉ်။ (၂၀၀)

လက်ဆောင်ပေးအပ်

ရှေးဦးစွာ ကျောင်းအုပ်ချုပ်မှု တာဝန်ခံအရာရှိ ဗိုလ်မှူးစောသိန်းက အဖွင့်နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြကာ လက်ဆောင်ပစ္စည်းများကို ဂါရဝပြု ပေးအပ်ကြသည်။

အစီရင်ခံစာဖတ်ကြား

ယင်းနောက် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီ ဥက္ကဋ္ဌ ဗိုလ်မှူးစိုးမြင့်အောင်က ပူဇော်ပွဲ ဖြစ်မြောက်ရေးနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှု အစီရင်ခံစာကို ဖတ်ကြားပြီး ညပိုင်းတွင် ကျောင်းဝင်းရှိ မြက်ခင်းပြင်၌ မိတ်ဆုံစားပွဲ ကျင်းပကြသည်။ **(သတင်းစဉ်)**

သုံးဆယ် အထက အာစရိယပူဇော်ပွဲကျင်းပမည်

သာယာဝတီ ဇန်နဝါရီ ၈

ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် သုံးဆယ် အထကကျောင်းသား ကျောင်းသူဟောင်းများ၏ သတ္တမအကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဖေဖော်ဝါရီ ၁၂ရက် ပြည်ထောင်စုနေ့(တနင်္ဂနွေနေ့) မွန်းတည့်၁၂နာရီတွင် သုံးဆယ် အထက ပီမိုးနင်းခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အသက် ၆၀ ပြည့် အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသားကျောင်းသူဟောင်းများ ကြွရောက်ကြရန်နှင့် အလှူငွေများကို ဦးကံသိမ်း ဖုန်း ၀၅၅-၃၀၁၂၂၊ ဦးမောင်မောင်မြင့် ဖုန်း ၀၅၅-၃၀၀၀၂၊ ဦးနေဝင်း ဖုန်း ၀၅၅-၃၀၅၂၂၊ ဒေါ်ခင်ရီ ဖုန်း ၀၅၅-၃၀၀၆၇၊ ဦးမျိုးတင် ဖုန်း ၀၅၅-၃၀၅၀၈၊ ဦးဝင်းမြင့် ဖုန်း ၀၅၅-၃၀၀၆၇၊ ဦးတင်မောင်ဝင်း ဖုန်း-၀၁-၂၈၇၇၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မြန်မာ့အသံ

၁၁-၁-၂၀၀၆(ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇း၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ မောရသုတ်နှင့် ဝဋ္ဋသုတ်)

နေ့လယ်ပိုင်း

၁၁း၁၅ နိုင်ငံ့စီးပွားလုပ်ငန်းများ (ပြည်ပသွင်းကုန်အစားထိုး ရှန်ပူထုတ်လုပ်မှုအကြောင်း)
၁၂း၀၀ ယဉ်ကျေးမှုအနုပညာ (ကာတွန်းရုပ်ပြောင်-ဦးမင်းနိုင်)
၁၂း၂၅ သူ့အတွေးနှင့် သူ့အရေး (ချစ်တတ်မှလှမယ်-ရူပါသိမ်း)

ညနေပိုင်း

၁၇း၃၀ အစာနှင့် အာဟာရ(ပဲပြား)
၁၇း၄၅ သူ့လက်သံ (အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဆုရ (ဧရာဝတီတိုင်းမှ မသီရိမြတ်ဆုနှင့် မခိုင်ဇာမွန်တို့၏ စောင်းလက်သံ)
၁၇း၄၀ စာအုပ်စာပေ လှူမိတ်ဆွေ (၁)အီစွပ်ပုံပြင်များ (မောင်သိန်းလွင် ပြန်ဆိုသည်) (၂)ရသစာစုဝတ္ထုများ (ဆင်ဖြူကျွန်းအောင်သိန်း)
၁၉း၁၅ မေတ္တာလက်ဆောင်ရတေးစီးရီး (ထင်းရှူးရိပ်တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သည့် ဖေယျာနိုင်၏ လိုသောဆု တေးစီးရီး)

ပြည်မြို့နယ် စည်ပင်သာယာရေး အဖွဲ့က ၂၀၀၅-၂၀၀၆ ဘဏ္ဍာရေး နှစ်တွင် ဆောင် ရွက်မည့် ခွေးရဲ-ဆင်ဖြူကန် လမ်းကျောက်ချောခင်းခြင်း လုပ်ငန်းကို ဒီဇင်ဘာ ၁၁ရက်က အမှုဆောင်အရာရှိ ဒုတိယ ညွှန်ကြားရေးမှူး ဦးခင်မောင်ချို ကွင်းဆင်းကြည့်ရှုစစ်ဆေးရာအင်ဂျင်နီယာမှူး ဦးမြတ်ဟန်ဝင်းကရှင်းလင်းပြသစဉ်။(မြို့နယ် စည်ပင်)

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ နိုင်ငံတော်ဥပဒေများ၏ ဦးသျှောင်အချုပ်ဖြစ်
ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အောင် တည်ထောင်ကြရမည်

အနာဂတ်နိုင်ငံတော်အတွက် မိမိနိုင်ငံ၏ရေမြေသဘာဝ တိုင်းရင်းသားလူမျိုးများဖြစ်တည်မှု ဘာသာ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းအခြေအနေများနှင့်ကိုက်ညီမည့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပေါ်ပေါက်ရေး အလေးထားဆောင်ရွက်လျက်ရှိ

ပြည်သူတစ်ရပ်လုံးအတွက် အသက်မကအရေးကြီးသည့် အမျိုးသားညီလာခံအောင်မြင်စွာကျင်းပနိုင်ရေး အဖျက်သမားများ၏ ဖိအားပေးမှု၊ ခြိမ်းခြောက်မှုမှန်သမျှ ကြံ့ကြံ့ခိုင်ရင်ဆိုင်ကျော်လွှားသွားမည်

ရန်ကုန် ဇန်နဝါရီ ၉

ကယားပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးကျင်းပသည့် အမျိုးသားညီလာခံ ကြိုဆိုထောက်ခံပွဲ လူထုအစည်းအဝေးကို ဇန်နဝါရီ၈ရက် နံနက်၈နာရီတွင် ကယားပြည်နယ် လွိုင်ကော်မြို့ ကန္တာဟေဝန်ကျောက်သားရင်ပြင်၌ ကျင်းပသည်။ **(အောက်ပုံ)**

စာမျက်နှာ ၁၀ ကော်လံ ၁ ✡

မြန်မာ့အလင်း

ဆောင်းပါး အညွှန်း

ကြီးကြီးမြ- ဒီနေရာမှာ နိုင်ငံတော်ရဲ့နယ်နိမိတ်ကို ပြင်ဆင်တဲ့အခါမှာ ပြည်ထောင်စုလွှတ်တော်နဲ့ အမျိုးသားလွှတ်တော် အသီးသီးတို့ရဲ့ ထက်ဝက်ကျော် ဆန္ဒမဲရရုံနဲ့တင် မလုံလောက်ဘဲ ပြင်ဆင်ရမယ့် နယ်နိမိတ်နဲ့ အကျုံးဝင်နေတဲ့ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တွေနဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တွေ စုစုပေါင်းရဲ့ ထက်ဝက်ကျော် ထောက်ခံဆန္ဒမဲလဲ ရရှိမှ အတည်ပြုနိုင်တယ်လို့ အပြန်ပြန်အလှန်လှန် ထိန်းညှိထားတာ တွေ့ရလိမ့်မယ်။

ဘကြီးစိုး - ဒါဟာ အများစုရဲ့ဆန္ဒနဲ့ သက်ဆိုင်သူ ကာယကံရှင်တွေရဲ့ဆန္ဒ တစ်ထပ်တည်းကျအောင် ဖော်ဆောင်ပေးထားတဲ့ ဒီမိုကရေစီရဲ့ အနှစ်သာရ ပါပဲကွယ်။

စိုးမြကျော်- မှန်ပါတယ်ဘကြီး၊ အများစုရဲ့ဆန္ဒကို အနည်းစုက လိုက်နာရမယ်ဆိုတဲ့ အယူအဆကို လှေနံဓားထစ် မကျင့်သုံးဘဲ အများစုရဲ့ဆန္ဒနဲ့ အနည်းစုရဲ့ဆန္ဒ သဟဇာတ ဖြစ်အောင် ကဏ္ဍအလိုက် အဖြစ်နိုင်ဆုံးဖော်ဆောင်ပေးထားတာ တွေ့ရပါတယ်ခင်ဗျာ။

ကြီးကြီးမြ- ဒါတွေဟာ အနာဂတ်နိုင်ငံတော်ရဲ့ ဥပဒေပြုမှု အသွင်သဏ္ဌာန်နဲ့ အနှစ်သာရတွေပါပဲကွယ်။

စိုးမြကျော်၏ အနာဂတ်နိုင်ငံတော်၏ ဥပဒေပြုမှုအသွင်သဏ္ဌာန်နှင့်အနှစ်သာရ အပိုင်း(၅) ဆောင်းပါး (စာ – ၈ နှင့် ၉)

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ ကိုယ်စားလှယ်အစုအဖွဲ့များမှ ကိုယ်စားလှယ်များ၏ ဆွေးနွေးအကြံပြုချက်စာတမ်း

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့် မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ချင်းပြည်နယ်မှ ဦးပြေလေ၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ချင်းပြည်နယ်မှ ဦးပြေလေ ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

၁၃။ (က) ပြည်ထောင်စုလွှတ်တော်သည် ဥပဒေတစ်ရပ်ပြဋ္ဌာန်းသည့်အခါ-
(၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေနှင့် စည်းကမ်းဥပဒေများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(၂) သက်ဆိုင်ရာအဖွဲ့အစည်း သို့မဟုတ် အာဏာပိုင်အား ယင်းဥပဒေနှင့် သက်ဆိုင်သည့်အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများ ထုတ်ပြန်ခွင့်ကို အပ်နှင်းနိုင်သည်။
(ခ) ဥပဒေတစ်ရပ်က အပ်နှင်းသည့် လုပ်ပိုင်ခွင့်အရ ပြုလုပ်သော နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ စည်းကမ်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဤဖွဲ့စည်းပုံ အခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း ညီညွတ်မှုရှိရမည်။
(ဂ) ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်စလုံးက နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည်ဟု မှတ်ယူရမည်။
(ဃ) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်စေရန် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။
(င) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ပယ်ဖျက်ရန်၊ သို့မဟုတ် ပြင်ဆင်စေရန် အပိုဒ်ခွဲ(ဂ) သို့မဟုတ် (ဃ)အရဆုံးဖြတ်ပါက ထိုသို့ ပယ်ဖျက်ခြင်း၊ သို့မဟုတ် ပြင်ဆင်စေခြင်းမပြုမီ ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ သို့မဟုတ် စည်းကမ်းဥပဒေအရ ဆောင်ရွက်ခဲ့ပြီးသော အမှုကိစ္စများကို ထိခိုက်ခြင်း မရှိစေရ။

၁၄။ ပြည်ထောင်စုလွှတ်တော်သည်-
(က) နိုင်ငံတော်သမ္မတက တင်ပြသည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များကို အတည်ပြုဆောင်ရွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အဆုံးအဖြတ်ပေးရမည်။
(ခ) အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သောစာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ရယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကို ဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့် လွှဲအပ်နိုင်သည်။

၁၅။ (က) ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ်ရယူမည့် ကိစ္စရပ်များ၊ သဘောတူညီချက် ရယူမည့်ကိစ္စရပ်များ၊ အတည်ပြုချက်ရယူမည့် ကိစ္စရပ်များကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-
(၁) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ ဖြစ်လျှင် ယင်းအစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး ကျင်းပဆဲကာလ မဟုတ်လျှင် အနီးကပ်ဆုံး ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆုံးဖြတ်ရမည်။
(၃) အများပြည်သူအကျိုးငှာ အလျင်အမြန်ဆောင်ရွက်ရမည့်ကိစ္စရပ်များကို အထူးအစည်းအဝေး သို့မဟုတ် အရေးပေါ်အစည်းအဝေးခေါ်ယူကျင်းပ၍ ဆွေးနွေးဆုံးဖြတ်ရမည်။
(ခ) ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတက ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်တစ်ရပ်ကို ထုတ်ပြန်ပြီး ယင်းအမိန့်ကို အတည်ပြုပေးရန် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့်အခါ-
(၁) ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်ကို အတည်ပြု၊ မပြု ဆုံးဖြတ်ရမည်။
(၂) အတည်ပြုရန် ဆုံးဖြတ်ပါက ယင်းအမိန့် ဆက်လက်အာဏာတည်ရမည့်အချိန်ကာလကို သတ်မှတ်ပေးရမည်။
(၃) အတည်ပြုချက်မရရှိလျှင် ဥပဒေကဲ့သို့ အာဏာတည်သော အမိန့်သည် အတည်မပြုသည့်နေ့မှစ၍ အာဏာတည်ခြင်းမှ ရပ်စဲရမည်။

အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ သို့မဟုတ် နိုင်ငံအချင်းချင်းဆိုင်ရာ စာချုပ်များ၊ သဘောတူညီချက်များအနက် မည်ကဲ့သို့သောစာချုပ် သို့မဟုတ် သဘောတူညီချက် အမျိုးအစားကို ပြည်ထောင်စုလွှတ်တော် အတည်ပြုချက်ယူရန်မလိုဘဲ ချုပ်ဆိုခြင်း၊ ပယ်ဖျက်ခြင်း၊ နုတ်ထွက်ခြင်းတို့ကိုဆောင်ရွက်ရန် နိုင်ငံတော်သမ္မတအား လုပ်ပိုင်ခွင့်လွှဲအပ်နိုင်

၁၆။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် **"ပြည်ထောင်စုဥပဒေပြုစာရင်း"**တွင် ပါရှိသော ကိစ္စရပ်များအနက် မိမိတို့စီမံခန့်ခွဲသည့် ကိစ္စရပ်များနှင့် စပ်လျဉ်းသောဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းခွင့်ရှိသည်။
(ခ) ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိသော နိုင်ငံတော်၏ အမျိုးသားစီမံကိန်း၊ နှစ်စဉ်အရအသုံး ခန့်မှန်းခြေငွေစာရင်းနှင့် အခွန်အကောက်ဆိုင်ရာ ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

၁၇။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံ အခြေခံဥပဒေ၌ သတ်မှတ်သော ဥပဒေကြမ်းများမှအပ ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့်ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများက ပြည်ထောင်စုလွှတ်တော်သို့ တင်သွင်းသော ဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင်ဖြစ်စေ၊ အမျိုးသားလွှတ်တော်တွင်ဖြစ်စေ စတင်ဆွေးနွေး ဆောင်ရွက်ခွင့်ရှိသည်။

၁၈။ ပြည်ထောင်စုလွှတ်တော်၌သာ ဆွေးနွေးဆုံးဖြတ်ရမည့် ဥပဒေကြမ်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး၌ ဆွေးနွေးခြင်းမပြုမီ အသေးစိတ် လေ့လာစိစစ်ရန်လိုအပ်ပါက ပြည်သူ့လွှတ်တော် ဥပဒေကြမ်းကော်မတီနှင့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီတို့အား ပူးပေါင်းလေ့လာ စိစစ်စေခြင်း၊ ယင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ဥပဒေကြမ်းနှင့်အတူ ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တင်ပြဆောင်ရွက်စေခြင်းတို့ကို ပြုနိုင်သည်။

၁၉။ ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည်။

၂၀။ (က) နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုလွှတ်တော်မှ ပေးပို့လာသည့် ပြည်ထောင်စုလွှတ်တော်ကအတည်ပြုသော သို့မဟုတ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူရမည်ဖြစ်သော ဥပဒေကြမ်းများကို လက်ခံရရှိသည့်နေ့၏ နောက်တစ်နေ့မှ ၁၄ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။
(ခ) နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်းတစ်ရပ်ကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့်ကာလအတွင်း မိမိ၏သဘောထား မှတ်ချက်နှင့်အတူ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့နိုင်သည်။
(ဂ) နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရန် သတ်မှတ်ထားသည့် ကာလအတွင်း ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထား မှတ်ချက်ဖြင့် ပြန်လည်ပေးပို့ခြင်း မပြုလျှင်သော်လည်းကောင်း၊ ဥပဒေကြမ်းကို လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်း မပြုလျှင်သော်လည်းကောင်း သတ်မှတ်ကာလ ပြည့်မြောက်သည့်နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၁။ (က) နိုင်ငံတော်သမ္မတထံ ပေးပို့ထားသော ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတက မိမိ၏သဘောထား မှတ်ချက်များနှင့်အတူ သတ်မှတ်ကာလအတွင်း ပြည်ထောင်စုလွှတ်တော်သို့ ပြန်လည်ပေးပို့လျှင် ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်များကို ဆွေးနွေးသုံးသပ်ပြီးနောက် နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်ကို လက်ခံ၍ ဥပဒေကြမ်းကို ပြင်ဆင်ရန် ဆုံးဖြတ်နိုင်သည်၊ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကို လက်မခံဘဲ ဥပဒေကြမ်းကို မူလအတိုင်း အတည်ပြုရန် ဆုံးဖြတ်နိုင်သည်။
(ခ) နိုင်ငံတော်သမ္မတ၏ သဘောထားမှတ်ချက်နှင့်အညီ ပြင်ဆင်ထားသော ဥပဒေကြမ်း သို့မဟုတ် နိုင်ငံတော်သမ္မတ၏ သဘောထား မှတ်ချက်ကို လက်မခံဘဲ မူလအတိုင်းအတည်ပြုသော ဥပဒေကြမ်းအား ပြည်ထောင်စုလွှတ်တော်၏ ဆုံးဖြတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့်အခါ နိုင်ငံတော်သမ္မတသည် ဥပဒေကြမ်း ပြန်လည်ရရှိသည့်နေ့၏ နောက်တစ်နေ့မှ ခုနစ်ရက်အတွင်း လက်မှတ်ရေးထိုး၍ ဥပဒေအဖြစ် ထုတ်ပြန်ကြေညာရမည်။
(ဂ) ပြည်ထောင်စုလွှတ်တော်က ပြန်လည်ပေးပို့သော ဥပဒေကြမ်းကို သတ်မှတ်ကာလအတွင်း နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးခြင်း မပြုလျှင် သတ်မှတ်ကာလ ပြည့်မြောက်သည့် နေ့ရက်တွင် ဥပဒေကြမ်းသည် နိုင်ငံတော် သမ္မတ၏ လက်မှတ်ရေးထိုးချက်ကို ရရှိပြီးသကဲ့သို့ ဥပဒေဖြစ်လာရမည်။

၂၂။ နိုင်ငံတော်သမ္မတက လက်မှတ်ရေးထိုးပြီးသော ဥပဒေများ သို့မဟုတ် နိုင်ငံတော်သမ္မတ၏ လက်မှတ်ရေးထိုးချက် ရရှိပြီးသကဲ့သို့ မှတ်ယူရမည်ဖြစ်သော ဥပဒေများကို နိုင်ငံတော်ပြန်တမ်းတွင် ထုတ်ပြန်ကြေညာရမည်။ ထိုဥပဒေတွင် သီးခြားဖော်ပြချက်မပါလျှင် ထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်ရမည်။

၂၃။ ဤဖွဲ့စည်းပုံအခြေခံ ဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည် နာယက၏ ခွင့်ပြုချက်ဖြင့် ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၂၄။ ပြည်ထောင်စုလွှတ်တော်နာယကသည်-
(က) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။
(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။
(ဂ) ပြည်ထောင်စုလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ

အချပ်ပို (ခ) သို့

ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်နှင့် မှတ်တမ်းများ အများပြည်သူ သိရှိနိုင်ရန် ထုတ်ပြန်ရမည်

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ ခုနှစ် ဇန်နဝါရီ၅ ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော် တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ် အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းနှင့် စပ်လျဉ်း၍ ရှမ်းပြည်နယ် (တောင်ပိုင်း)မှ ဒေါ်အေးချိုစိန်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို ရှမ်းပြည်နယ်(တောင်ပိုင်း)မှ ဒေါ်အေးချိုစိန် ဖတ်ကြားတင်ပြစဉ်။ (သတင်းစဉ်)

ယခုဆက်လက်ပြီး ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်ရေးနှင့်စပ်လျဉ်း၍ တင်ပြသွားမှာဖြစ်ပါကြောင်း။

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ဥပဒေပြုရေးအခန်း၌ ပါဝင်မည့် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်များကို နားထောင်ဖတ်ရှုလေ့လာသည့်အခါ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်လုပ်ငန်းစဉ်နည်းဥပဒေ၊ ၁၉၅၉ခုနှစ် လွှတ်တော်အမတ်များ၏ အာဏာနှင့်အခွင့်အရေးများ အက်ဥပဒေ၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်သူ့လွှတ်တော်ဥပဒေစသည့် မိမိနိုင်ငံအတွင်းမှ ဥပဒေ၊ နည်းဥပဒေ၊ အက်ဥပဒေများကိုလည်းကောင်း၊ အခြားနိုင်ငံများဖြစ်သော အိမ်နီးချင်းနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံအများအပြားတို့၏ ဖွဲ့စည်းပုံဥပဒေများ၊ ကမ္ဘာ့နိုင်ငံအချို့တွင် လွှတ်တော်များ၌ ဆောင်ရွက်ကြပုံများကိုလည်းကောင်း အထောက်အထားများစွာဖြင့် ကိုးကားဖော်ပြထားကြောင်းကို တွေ့ရှိရပါကြောင်း။

ဖွဲ့စည်းပုံအခြေခံဥပဒေ ဥပဒေပြုရေးအခန်းတွင် ပါဝင်ရမည့် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများနှင့် စပ်လျဉ်း၍ ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများကို စုစည်းလျက် အောက်ပါအတိုင်း တင်ပြအပ်ပါကြောင်း–

၁။ (က) ပြည်သူ့လွှတ်တော်၏ သက်တမ်းတစ်ရပ်စတင်သော ပထမအကြိမ် ပုံမှန်အစည်းအဝေးကို အထွေထွေရွေးကောက်ပွဲ စတင်ကျင်းပသည့် နေ့ရက်မှ ရက်ပေါင်း၉၀အတွင်း ကျင်းပရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သက်တမ်း စတင်သည့်နေ့ရက်သည် ပြည်သူ့လွှတ်တော်သက်တမ်းစတင်သည့် နေ့ရက်ဖြစ်သည်။

(၂) အမျိုးသားလွှတ်တော်၏ ပထမအကြိမ် ပုံမှန်အစည်းအဝေးကို ယင်းလွှတ်တော်၏ သက်တမ်းစတင်သည့်နေ့မှ ခုနစ်ရက် အတွင်း ကျင်းပရမည်။

၂။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမ အကြိမ်ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပ ရမည်။

(၂) ပြည်သူ့လွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမအကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ တာဝန် ဆက်လက် ထမ်းဆောင်လျက်ရှိသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေ အာဏာတည်ပြီးနောက် ပထမ အကြိမ် အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ခေါ်ယူကျင်းပရမည်။

ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရဖြစ်စေ တားမြစ်ထားသည့်ဆောင်ရွက်ချက်နှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ

(၂) အမျိုးသားလွှတ်တော်၏ နောင်သက်တမ်းများအတွက် ပထမ အကြိမ် ပုံမှန်အစည်းအဝေးများကို ဤဖွဲ့စည်းပုံအခြေခံ ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ တာဝန်ဆက်လက်ထမ်းဆောင် လျက်ရှိသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခေါ်ယူကျင်းပ ရမည်။

၃။ (က) (၁) ပထမအကြိမ်ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်း အဝေးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူ့လွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော ပြည်သူ့လွှတ်တော် ကိုယ်စား လှယ်များသည် စတင်တက်ရောက်သော ပြည်သူ့လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

(ခ) (၁) ပထမအကြိမ်ကျင်းပသော အမျိုးသားလွှတ်တော် ပုံမှန် အစည်းအဝေးတွင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် များသည် အမျိုးသားလွှတ်တော် သဘာပတိရှေ့မှောက်၌ ကတိသစ္စာပြုရမည်။

(၂) ကတိသစ္စာမပြုရသေးသော အမျိုးသားလွှတ်တော် ကိုယ်စား လှယ်များသည် စတင်တက်ရောက်သော အမျိုးသား လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌရှေ့မှောက်၌ ကတိသစ္စာ ပြုရမည်။

၄။ (က) ပြည်သူ့လွှတ်တော်ပုံမှန်အစည်းအဝေးကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန် အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက်မပိုစေရ။

(ခ) အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ခေါ်ယူကျင်းပရမည်။ ပုံမှန်အစည်းအဝေး တစ်ကြိမ်နှင့်တစ်ကြိမ်အကြား အရှည်ကြာဆုံး ကာလသည် ၁၂လထက် မပိုစေရ။

၅။ (က) ပြည်သူ့လွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များကို ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတပြောကြားသည့် မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတက ပေးပို့သောသဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ ပြည်သူ့ လွှတ်တော်က ဆောင်ရွက်ရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) ပြည်သူ့လွှတ်တော်သို့ တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း။

(ခ) အမျိုးသားလွှတ်တော်အစည်းအဝေး၌ အောက်ပါကိစ္စရပ်များ ဆောင်ရွက်သည်–

(၁) နိုင်ငံတော်သမ္မတ ပြောကြားသည့်မိန့်ခွန်းကို မှတ်တမ်း တင်ခြင်း၊

(၂) နိုင်ငံတော်သမ္မတကပေးပို့သော သဝဏ်လွှာနှင့် ဥက္ကဋ္ဌက ခွင့်ပြုသော အခြားသဝဏ်လွှာများကို ဖတ်ကြားခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၃) ဥပဒေကြမ်းတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၄) ဤဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအရ အမျိုးသား လွှတ်တော်က ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၅) အမျိုးသားလွှတ်တော်သို့တင်သွင်းသည့် အစီရင်ခံစာများကို ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊ မှတ်တမ်းတင်ခြင်း၊

(၆) အဆိုတင်သွင်းခြင်း၊ ဆွေးနွေးခြင်း၊ ဆုံးဖြတ်ခြင်း၊

(၇) မေးခွန်းမေးမြန်းခြင်း၊ ဖြေကြားခြင်း၊

(၈) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်ခြင်း၊

၆။ (က) (၁) ပြည်သူ့လွှတ်တော်အစည်းအဝေးတစ်ရပ်၏ ပထမနေ့တွင် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော် ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက် သည်၊ အကယ်၍ အထမမြောက်ပါက အစည်းအဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်း အဝေး အထမြောက်ပြီးနောက် ဆက်လက်ကျင်းပသော အစည်းအဝေးများတွင် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်၏ပထမနေ့တွင် အမျိုးသား လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခွင့် ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေ၏ ထက်ဝက်ကျော်ဦးရေ တက်ရောက်လျှင် ယင်းအစည်းအဝေး အထမြောက်သည်။ အကယ်၍ အထမမြောက်ပါက အစည်း အဝေးကို ရွှေ့ဆိုင်းကျင်းပရမည်။

(၂) အပိုဒ်ခွဲငယ်(၁)အရ အစည်းအဝေး အထမြောက်သည့် အတွက် ရွှေ့ဆိုင်းကျင်းပသော အစည်းအဝေးများနှင့် အစည်းအဝေး အထမြောက်ပြီးနောက် ဆက်လက် ကျင်းပ

အချပ်ပို (ဂ) သို့

အချပ်ပို (က) မှ

အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်း တစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများသို့မဟုတ် ပုဂ္ဂိုလ် များကို ပြည်ထောင်စုလွှတ်တော်သို့ တက်ရောက်ရှင်းလင်းတင်ပြ စေရန် ဖိတ်ကြားခွင့်ရှိသည်။

(ဃ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ် ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန် နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရမည်။

၂၅။ ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းများသည် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြသင့်သော မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သည့် အခြေအနေ အရပ်ရပ်ကို နာယက၏ ခွင့်ပြုချက်ဖြင့် တင်ပြနိုင်သည်။

၂၆။ (က) ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်နှင့် ပြည်ထောင်စုလွှတ် တော်ပူးပေါင်းကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲ ပေးပိုင်ခွင့်ရှိသည်။ ထိုသို့ပြည်ထောင်စုလွှတ်တော်နှင့်ပြည်ထောင်စု လွှတ်တော် ပူးပေါင်းကော်မတီတို့တွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်ကိုယ် စားလှယ်တစ်ဦးကို ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ခ) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရန် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်ထောင်စုလွှတ်တော်တွင် လွတ်လပ်စွာပြော ဆိုခွင့်ရှိသည်။ ပြည်ထောင်စုလွှတ်တော်တွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(ဂ) အထက်အပိုဒ်ခွဲ(က)နှင့်(ခ)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက် ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၇။ ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တက်ရောက်နေသော ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကိုဖြစ်စေ၊ ပြည်ထောင်စုလွှတ်တော် နာယက၏ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြား ချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ် တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသောအထောက် အထားကို ပြည်ထောင်စုလွှတ်တော်နာယကထံ တင်ပြရမည်။ ပြည်ထောင်စုလွှတ်တော်နာယက၏ ကြိုတင်ခွင့်ပြုချက် မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

၂၈။ ပြည်ထောင်စုလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော် ၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများ နှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရဟု ဖတ်ကြားတင်ပြ သည်။ **(သတင်းစဉ်)**

ရန်ကုန် ဇန်နဝါရီ ၉

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ၂၀၀၆ခုနှစ် ဇန်နဝါရီ ၅ရက်တွင် ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး၌ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာ လုပ်ငန်းများအတွက် ချမှတ်သင့်သည့် အသေးစိတ်အခြေခံရမည့်မူများနှင့်စပ်လျဉ်း၍ တိုင်းရင်းသား လူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက် စာတမ်းနှင့်စပ်လျဉ်း၍ မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့်၏ ဖတ်ကြားတင်ပြချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

ပြည်သူ့လွှတ်တော်ကအတည်ပြုသည့် ဥပဒေကြမ်းများ ဆက်လက်ဆွေးနွေးဆုံးဖြတ်ရန် အမျိုးသားလွှတ်တော်သို့ပေးပို့ရမည်

တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့၏ ဆွေးနွေးအကြံပြုချက်စာတမ်းကို မွန်ပြည်နယ်မှ ဒေါ်ခင်လေးမြင့် ဖတ်ကြားတင်ပြစဉ်။
(သတင်းစဉ်)

၁၃။ (က) (၁) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်က တင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် ပြည်သူ့လွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် **"ပြည်ထောင်စု ဥပဒေပြုစာရင်း"**တွင်ပါရှိသော ကိစ္စရပ်များအနက်ပြည်ထောင်စု လွှတ်တော်၌သာ ဥပဒေကြမ်း တင်သွင်းဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ ပြည်သူ့လွှတ်တော်သို့ စတင် တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) ပြည်သူ့လွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေး ဆုံးဖြတ်နိုင်ရန် အမျိုးသားလွှတ်တော်သို့ ပေးပို့ရမည်။

(ခ) (၁) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကတင်သွင်းသော ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပေးပို့လာလျှင် အမျိုးသားလွှတ်တော်တွင် စတင်တင်သွင်းသော ဥပဒေကြမ်းဟု မှတ်ယူ၍ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များသည်**"ပြည်ထောင်စု ဥပဒေပြုစာရင်း"**တွင် ပါရှိသော ကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်၌သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ သတ်မှတ် ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များနှင့် စပ်လျဉ်းသော ဥပဒေကြမ်းများကို ဥပဒေနှင့်အညီ အမျိုးသား လွှတ်တော်သို့ စတင်တင်သွင်းခွင့်ရှိသည်။ ယင်းဥပဒေကြမ်းများကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည်။

(၃) အမျိုးသားလွှတ်တော်က အတည်ပြုသည့် ဥပဒေကြမ်းများကို ဆက်လက်ဆွေးနွေးဆုံးဖြတ်နိုင်ရန် ပြည်သူ့လွှတ်တော်သို့ ပေးပို့ရမည်။

၁၄။ (က) (၁) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်ကပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမျိုးသားလွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့်သဘောတူကြောင်း ဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) ပြည်သူ့လွှတ်တော်ကပေးပို့ခဲ့သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင်

အချပ်ပို (ဃ) သို့

အချပ်ပို (ခ) မှ

သော အစည်းအဝေးများတွင် အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် လွှတ်တော် ကိုယ်စားလှယ် စုစုပေါင်း ဦးရေအနက် အနည်းဆုံး သုံးပုံတစ်ပုံ တက်ရောက်လျှင် ယင်းအစည်းအဝေးများ အထမြောက်သည်။

၇။ (က) (၁) ပြည်သူ့လွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် အစည်းအဝေးသို့တက်ရောက်၍ ဆန္ဒမဲပေးသည့်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့် ကိစ္စများ၌ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန် ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ။ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်တွင် အဆုံးအဖြတ်ပြုရမည့် အကြောင်းအရာတစ်ရပ်နှင့် စပ်လျဉ်း၍ မဲခွဲဆုံးဖြတ်ရာ၌ ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် အခြားနည်းပြဋ္ဌာန်းထားခြင်း မရှိလျှင် အစည်းအဝေးသို့ တက်ရောက်၍ ဆန္ဒမဲပေးသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ၏ များရာဆန္ဒမဲဖြင့် ဆုံးဖြတ်ရမည်။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးများတွင် မဲခွဲဆုံးဖြတ်သည့်ကိစ္စများ၌ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေသည့် ဒုတိယဥက္ကဋ္ဌသည် ဆန္ဒမဲမပေးရ၊ ထောက်ခံဆန္ဒမဲနှင့် ကန့်ကွက်ဆန္ဒမဲ အရေအတွက်ချင်းတူညီနေသည့် ကိစ္စရပ်တွင်သာ အနိုင်မဲပေးရမည်။

၈။ (က) (၁) ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်သူ့လွှတ်တော် အစည်းအဝေးတစ်ရပ်တွင် ပြည်သူ့လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၏နေရာလစ်လပ်သည်ဟု ပြည်သူ့လွှတ်တော်က ကြေညာနိုင်သည်။ ပြည်သူ့လွှတ်တော်အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်း မပြုရ။

(၂) ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရမည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေးတက်ရောက်ရန် ရက်ပေါင်း ၁၅ ရက်တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံမှ အကြောင်းကြားချက် ရရှိလျှင် ပြည်သူ့လွှတ်တော်ကယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အရေးယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးသည် အမျိုးသားလွှတ်တော် အစည်းအဝေးတစ်ရပ်တွင် အမျိုးသားလွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် အနည်းဆုံး ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်လျှင် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ထိုအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၏ နေရာ လစ်လပ်သည်ဟု အမျိုးသားလွှတ်တော်က ကြေညာနိုင်သည်။ အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်ရန် ခွင့်မဲ့ပျက်ကွက်သည့် ရက်ပေါင်း ၁၅ရက်ကို ရေတွက်ရာ၌ အစည်းအဝေး ရွှေ့ ဆိုင်းထားသည့် ကာလကို ထည့်သွင်းရေတွက်ခြင်းမပြုရ။

(၂) ပြည်ထောင်စုလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ရမည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးသည် ပြည်ထောင်စုလွှတ်တော် အစည်းအဝေး တစ်ရပ်တွင် လွှတ်တော်၏ ခွင့်ပြုချက်မရဘဲ အစည်းအဝေး တက်ရောက်ရန် ရက်ပေါင်း ၁၅ရက် တစ်ဆက်တည်း ပျက်ကွက်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယကထံမှ အကြောင်းကြားချက် ရရှိလျှင် အမျိုးသားလွှတ်တော်က ယင်းလွှတ်တော် ကိုယ်စားလှယ်အား သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ အရေးယူရမည်။

၉။ (က) ပြည်သူ့လွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ ပြည်သူ့လွှတ်တော်လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့အပြင် အခွင့်အရေးမရှိသူတစ်ဦးက ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော်လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်သည် လွှတ်တော်ကိုယ်စားလှယ်နေရာ အချို့ လစ်လပ်နေစေကာမူ အမျိုးသားလွှတ်တော် လုပ်ငန်းများကို ဆောင်ရွက်ခွင့်ရှိသည်။ ထို့ပြင် အခွင့်အရေး မရှိသူ တစ်ဦးက အမျိုးသားလွှတ်တော် အစည်းအဝေးသို့ တက်ရောက်ခြင်း၊ ဆန္ဒမဲပေးခြင်း သို့မဟုတ် လွှတ်တော် လုပ်ငန်းတစ်ရပ်ရပ်တွင် ပါဝင်ဆောင်ရွက်ခဲ့ခြင်းကို နောင်အခါတွင်မှ စစ်ဆေးတွေ့ရှိစေကာမူ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ဆောင်ရွက်ချက်များသည် ပျက်ပြယ်ခြင်း မရှိစေရ။

၁၀။ (က) ပြည်သူ့လွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ ပြည်သူ့လွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ၊ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

(ခ) အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ရမည်။ သို့ရာတွင် ဥပဒေ တစ်ရပ်ရပ်အရဖြစ်စေ၊ အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ ဖြစ်စေ တားမြစ်ထားသည့် ဆောင်ရွက်ချက်များနှင့် မှတ်တမ်းများကို ထုတ်ပြန်ခြင်းမပြုရ။

၁၁။ (က) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသော ကိစ္စရပ်များ အနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ ပြည်သူ့လွှတ်တော်တွင် ဥပဒေကြမ်း စတင် တင်သွင်းခွင့်ရှိသည်။

(ခ) "ပြည်ထောင်စုဥပဒေပြုစာရင်း"တွင် ဖော်ပြသောကိစ္စရပ်များအနက် ပြည်ထောင်စုလွှတ်တော်တွင်သာ ဥပဒေကြမ်းတင်သွင်း ဆုံးဖြတ်ရမည်ဟု ဤဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှအပ ကျန်ကိစ္စရပ်များကို သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ အမျိုးသားလွှတ်တော်တွင် ဥပဒေကြမ်း စတင်တင်သွင်းခွင့်ရှိသည်။

၁၂။ (က) (၁) ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော ပြည်သူ့လွှတ်တော် ပုံမှန်အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော် ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသော နေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက ပြည်သူ့လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်။

(ခ) (၁) ပြည်ထောင်စုလွှတ်တော်ကပြဋ္ဌာန်းသည့် ဥပဒေအရပြုသည့် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာ အဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်း ဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို အနီးကပ်ဆုံး ကျင်းပသော အမျိုးသားလွှတ်တော်ပုံမှန် အစည်းအဝေး ကာလတွင် လွှတ်တော်ဥက္ကဋ္ဌက ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေတင်ပြရမည်။

(၂) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်သည် သက်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ယင်းနည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀အတွင်း လွှတ်တော်ကိုယ်စားလှယ်များက အမျိုးသားလွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။

(၃) နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ သို့မဟုတ် စည်းကမ်းဥပဒေ တစ်ရပ်ရပ်ကို ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဆုံးဖြတ်ရာတွင် အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော်တို့ သဘောကွဲလွဲပါက ပြည်ထောင်စုလွှတ်တော်သို့ တင်ပြရမည်ဟု ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**

10-1 (C).p65 1 3/24/1905, 11:02 PM

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပြည်သူ့လွှတ်တော်အစည်းအဝေးသို့တက်ရောက် မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်

အချပ်ပို (ဂ) မှ

ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက် ကိုလက်ခံပါက ယင်းဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) ပြည်သူ့လွှတ်တော်သည် အမျိုးသားလွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

(ခ) (၁) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်က ပေးပို့သော ဥပဒေကြမ်းတစ်ရပ်ကို လက်ခံရရှိသည့်အခါ ပြည်သူ့လွှတ်တော်က ဆုံးဖြတ်သည့်အတိုင်း သဘောတူကြောင်း သို့မဟုတ် သဘောမတူကြောင်း သို့မဟုတ် ပြင်ဆင်ချက်များဖြင့် သဘောတူကြောင်းဆုံးဖြတ်နိုင်သည်။ ထိုဥပဒေကြမ်းကို အမျိုးသားလွှတ်တော်၏ ဆုံးဖြတ်ချက်နှင့်အတူ ပြည်သူ့လွှတ်တော်သို့ ပြန်လည်ပေးပို့ရမည်။

(၂) အမျိုးသားလွှတ်တော်က ပေးပို့ခဲ့သည့် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာလျှင် အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကိုလက်ခံပါက ယင်းဥပဒေကြမ်းကိုပြည်ထောင်စုလွှတ်တော် နာယကထံ ပေးပို့ရမည်။

(၃) အမျိုးသားလွှတ်တော်သည် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့သော ဥပဒေကြမ်းတစ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် သဘောကွဲလွဲလျှင် ပြည်ထောင်စုလွှတ်တော်၏ အဆုံးအဖြတ် ရယူရမည်။

၁၅။ (က) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့်သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) ပြည်သူ့လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏အစည်းအဝေးများသို့ ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(ခ) ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များသည်–

(၁) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက်ဖြင့် အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

(၂) အမျိုးသားလွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့် အဖွဲ့များ၏ အစည်းအဝေးများသို့ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့အကြီးအကဲ၏ခွင့်ပြုချက်ဖြင့် တက်ရောက်သည့်အခါ မိမိအဖွဲ့အစည်းနှင့် သက်ဆိုင်သော ဥပဒေကြမ်းများ သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောဆို ဆွေးနွေးခွင့်ရှိသည်။

၁၆။ (က) ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည်–

(၁) ပြည်သူ့လွှတ်တော်အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်း နိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) ပြည်သူ့လွှတ်တော် အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာ တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ်ပုဂ္ဂိုလ်များကို ပြည်သူ့လွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်းတင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များဆောင်ရွက်ရမည်။

(ခ) အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည်–

(၁) အမျိုးသားလွှတ်တော် အစည်းအဝေးများကို ကြီးကြပ်ကွပ်ကဲရမည်။

(၂) အမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားလိုကြောင်းနိုင်ငံတော်သမ္မတက အကြောင်းကြားလျှင် နိုင်ငံတော်သမ္မတအား ဖိတ်ကြားရမည်။

(၃) အမျိုးသားလွှတ်တော်အစည်းအဝေး၌ ဆွေးနွေးဆောင်ရွက်ဆဲ အကြောင်းအရာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ လိုအပ်လျှင် ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များကိုအမျိုးသားလွှတ်တော်အစည်းအဝေးသို့ တက်ရောက်ရှင်းလင်း တင်ပြစေရန် ဖိတ်ကြားခွင့်ရှိသည်။

(၄) ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရသော်လည်းကောင်း၊ ဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း သတ်မှတ်ထားသည့် အခြားတာဝန်နှင့် လုပ်ပိုင်ခွင့်များ ဆောင်ရွက်ရမည်။

၁၇။ (က) (၁) ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော် ကော်မတီတို့တွင် လွတ်လပ်စွာပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ ပြည်သူ့လွှတ်တော်နှင့် ပြည်သူ့လွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် အစည်းအဝေးသို့ ဖြစ်စေ၊ ပြည်သူ့လွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ဖြစ်စေ တက်ရောက်ရန် ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော် ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ်(၁)နှင့်(၂)တွင် ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါ အခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီတို့တွင် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ဆန္ဒမဲပေးခွင့်ရှိသည်။ ထိုသို့ အမျိုးသားလွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြဆွေးနွေးခြင်း၊ ဆောင်ရွက်ခြင်းတို့နှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကို အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော် အစည်းအဝေးသို့ဖြစ်စေ၊ အမျိုးသားလွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးသို့ ဖြစ်စေ တက်ရောက်ရန်ခွင့်ပြုခြင်း သို့မဟုတ် ဖိတ်ကြားခြင်းခံရသော ဤဖွဲ့စည်းပုံ အခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စု အဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များသည် ဤဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပါပြဋ္ဌာန်းချက်များနှင့် သော်လည်းကောင်း မဆန့်ကျင်လျှင် အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် လွတ်လပ်စွာ ပြောဆိုခွင့်ရှိသည်။ အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီများတွင် တင်ပြပြောဆိုမှုများနှင့် စပ်လျဉ်း၍ယင်းအဖွဲ့အစည်းဝင်များ သို့မဟုတ် ပုဂ္ဂိုလ်များအား အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေမှအပ အခြားဥပဒေအရ အရေးယူခြင်းမပြုရ။

(၃) အထက်အပိုဒ်ခွဲငယ် (၁)နှင့်(၂)တွင်ပါရှိသော ပုဂ္ဂိုလ်များသည် အထက်ပါအခွင့်အရေးများကို ကျင့်သုံးကြရာတွင် ကိုယ်ထိလက်ရောက် ကျူးလွန်မှုများရှိခဲ့ပါက ယင်းတို့သည် တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၁၈။ (က) (၁) ပြည်သူ့လွှတ်တော်အစည်းအဝေး တက်ရောက်နေသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကို ဖြစ်စေ ဖမ်းဆီးရန် လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) ပြည်သူ့လွှတ်တော် ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ်အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ တင်ပြရမည်။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) ပြည်သူ့လွှတ်တော် သို့မဟုတ် ပြည်သူ့လွှတ်တော်ကော်မတီ သို့မဟုတ် ပြည်သူ့လွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

(ခ) (၁) အမျိုးသားလွှတ်တော် အစည်းအဝေးတက်ရောက်နေသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကိုဖြစ်စေ၊ လွှတ်တော် ဥက္ကဋ္ဌ၏ ခွင့်ပြုချက် သို့မဟုတ် ဖိတ်ကြားချက်အရ ယင်းအစည်းအဝေးသို့ တက်ရောက်နေသော ပုဂ္ဂိုလ်တစ်ဦးကိုဖြစ်စေ ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၂) အမျိုးသားလွှတ်တော်ကော်မတီတစ်ရပ်ရပ်၏ အစည်းအဝေးတွင်သော်လည်းကောင်း၊ အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင် သို့မဟုတ် အဖွဲ့တစ်ခုခု၏ အစည်းအဝေးတွင်သော်လည်းကောင်း အစည်းအဝေး တက်ရောက်နေသည့် ယင်းကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏ အဖွဲ့ဝင်တစ်ဦးအား ဖမ်းဆီးရန်လိုအပ်ပါက ခိုင်လုံသော အထောက်အထားကို သက်ဆိုင်ရာကော်မတီ၊ ကော်မရှင် သို့မဟုတ် အဖွဲ့၏အကြီးအကဲမှတစ်ဆင့် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြရမည်။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ ကြိုတင်ခွင့်ပြုချက်မရရှိဘဲ ဖမ်းဆီးခြင်းမပြုရ။

(၃) အမျိုးသားလွှတ်တော် သို့မဟုတ် အမျိုးသားလွှတ်တော်ကော်မတီ သို့မဟုတ် အမျိုးသားလွှတ်တော်က ဖွဲ့စည်းသော ကော်မရှင်နှင့် အဖွဲ့အစည်းအဝေး ကျင်းပချိန်မဟုတ်လျှင် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးအား ဖမ်းဆီးပါက ထိုသို့ဖမ်းဆီးခြင်းနှင့်စပ်လျဉ်းသည့် ခိုင်လုံသော အထောက်အထားကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ ဆောလျင်စွာ တင်ပြရမည်။

၁၉။ (က) ပြည်သူ့လွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့်စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

(ခ) အမျိုးသားလွှတ်တော်ကသော်လည်းကောင်း၊ ယင်းလွှတ်တော်၏ အခွင့်အာဏာအရသော်လည်းကောင်း ဖြန့်ချိထုတ်ဝေသည့် အစီရင်ခံစာများ၊ စာရွက်စာတမ်းများ၊ လွှတ်တော်မှတ်တမ်းများနှင့် စပ်လျဉ်း၍ တရားစွဲဆိုပိုင်ခွင့် မရှိစေရ။

အထက်ဖော်ပြပါ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ ဥပဒေပြုခြင်းဆိုင်ရာလုပ်ငန်းများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စုစည်းတင်ပြထားသည့် အသေးစိတ် အခြေခံရမည့်မူများကို ချမှတ်ရန်သင့်ပါကြောင်း ထောက်ခံတင်ပြအပ်ပါကြောင်းဖြင့် ဖတ်ကြားတင်ပြသည်။ **(သတင်းစဉ်)**